မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၃၁] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက် (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်) } သောကြာနေ့ [အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်စွာသွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ စိုးစိုးအေး<br>ဒုတိယပါမောက္ခချုပ်<br>ဘားအံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဘားအံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာ ယောဟန်ထွန်း<br>ဒုတိယပါမောက္ခချုပ်<br>ဟားခါးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၄) | ဦးထွန်းမြင့်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်)

**ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင်**
**အဖွဲ့ဝင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၁ ဖြင့်ဖွဲ့စည်းခဲ့သည့် **ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ** တွင် ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန်**
**စိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာပုဂ္ဂိုလ်များအား သတ်မှတ်ထားသောဘွဲ့များ၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ် ဆောင်ရွက်

နိုင်ရန် **ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့** ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | နာယက |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ဂ ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| ( စ ) | တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်<br>တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး | အဖွဲ့ဝင် |
| (ဆ) | တွဲဖက်စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| ( ဇ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့၏ လုပ်ငန်း တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့သည် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ အရည်အချင်းအလိုက် ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် သတ်မှတ်ထားသောဘွဲ့များ၊ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ တံဆိပ်များအား ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်ရမည်။

( ခ ) သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို သံဃာတော်များ၊ သီလရှင်များအား ဆက်ကပ် လှူဒါန်းခြင်းနှင့် လူပုဂ္ဂိုလ်များအား သာသနာပြုဘွဲ့၊ သာသနာ့နုဂ္ဂဟဘွဲ့များ ချီးမြှင့်အပ်နှင်းရန် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်၊ အခန်း (၁၃) နှင့် အညီ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် စိစစ်ရမည်။

( ဂ ) နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် ပုဂ္ဂိုလ်များအား ထိုက်သင့်သည့် ဂုဏ်ထူးဆောင် ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသင့်ကြောင်းတွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းနိုင်ရန်နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(ဃ) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသင့်ကြောင်း အဆင့်ဆင့် ထောက်ခံတင်ပြခြင်းမရှိစေကာမူ အထူးထိုက်သင့်သောကိစ္စရပ်များအတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား ဂုဏ်ထူးဆောင်ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသင့်ကြောင်းတွေ့ရှိပါက

သင့်လျော်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(င) ပြည်ပကျူးကျော်မှုများနှင့် ပြည်တွင်းအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားသည့် အခြေအနေတစ်ရပ်ရပ်အရ တိုက်ပွဲဝင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့် ကိစ္စများကို အခါအားလျော်စွာ အထူးအမိန့်ပြန်တမ်းထုတ်ပြန်လျက် ပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(စ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အစီအစဉ်ဖြင့် ဆုတံဆိပ်၊ ဆုလက်မှတ်စသည့် ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ရာတွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ပါ ဂုဏ်ထူးဆောင်ဘွဲ့အမည်၊ ဂုဏ်ထူးဆောင်တံဆိပ် အမည်နှင့် ပုံသဏ္ဌာန်များအား အသုံးပြုခြင်း၊ တူညီခြင်းမရှိစေရန် စိစစ်ရမည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၀/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ခေတ်ခွဲ) ပါမောက္ခဒေါက်တာဌေးဌေးတင် ကို ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၁၉၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ရာထူးမှ ထုတ်ပယ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှစ၍ ရာထူးမှ ထုတ်ပယ်လိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာကြည်လွင် | ပါမောက္ခချုပ်<br>မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာအောင်အောင်မင်း | ပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၄၇၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ တွံတေးမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဦးနေမျိုးထက် (တ/၃၄၉၄) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၄၈၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ပြေပြေအောင် တ/၃၁၈၆ | ကျောက်ပန်းတောင်း မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဦးအောင်ရဲကျော် တ/၃၃၀၇ | ဟိုပုံး ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၄၉၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဦးအောင်ငြိမ်းချမ်း (တ/၃၄၄၄) အား ဘုတ်ပြင်းမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးအဖြစ် ယာယီထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀၀ (ခ) နှင့် နည်းဥပဒေ ၁၅၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဆောင်ရွက်မည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ရာတွင် လိုက်နာကျင့်သုံးရမည့် အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီတို့က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စိစစ်ရာတွင် အသုံးပြုရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများတို့တွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ဆိုသည်။

(ခ) **နည်းဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများပါ နည်းဥပဒေကို ဆိုသည်။

(ဂ) **ကော်မရှင်** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ** ဆိုသည်မှာ နည်းဥပဒေ ၁၅၁ အရ ကော်မရှင်က ဖွဲ့စည်းထားသည့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီကို ဆိုသည်။

(င) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံး** ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများကို ဆိုသည်။

(စ) **ခွင့်ပြုရင်းနှီးမြှုပ်နှံမှုပမာဏ** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများက အတည်ပြုမိန့်ထုတ်ပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် မတည်ငွေရင်းပမာဏသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၇) တွင် ပါရှိသည့် ရင်းနှီးမြှုပ်နှံမှုပမာဏကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးအကြီးအကဲ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ နေပြည်တော် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ခွင့်ပြုပေးရာတွင် လုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေး၊ ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကြီးကြပ်နိုင်ရေး၊ ဤသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး ရည်မှန်းချက်တစ်ခုဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရေးတို့ကို ရည်ရွယ်ပါသည်။

## အခန်း (၃)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ကော်မရှင်သည် ဥပဒေပုဒ်မ ၂၇ အရ ခွင့်ပြုထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာ အတည်ပြုလျှောက်ထားလွှာစိစစ်ခြင်း၊ လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းခြင်း၊ အတည်ပြုမိန့်နှင့် ခွင့်ပြုမိန့်ရရှိပြီးသည့် လုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲခြင်းစသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ** များကို နည်းဥပဒေ ၁၅၁ ပါ ဖော်ပြချက်နှင့်အညီ ဖွဲ့စည်းရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံး အကြီးအကဲမှလွဲ၍ ကျန်အဖွဲ့ဝင်များ၏ သက်တမ်းသည် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ သက်တမ်းနှင့်တူညီရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးအကြီးအကဲ၏ သက်တမ်းအား နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ထားရှိရမည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီအဖွဲ့ဝင်များသည် တစ်ဆက်တည်း သက်တမ်းနှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်းမရှိစေရ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် နည်းဥပဒေ ၁၅၅ တွင် ဖော်ပြထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လိုက်နာဆောင်ရွက်ရမည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ဥပဒေပုဒ်မ ၃၆ နှင့် နည်းဥပဒေ ၁၅၆ ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ခွင့်ပြုရင်းနှီးမြှုပ်နှံမှုပမာဏထက် ကျော်လွန်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှတစ်ပါး ခွင့်ပြုပမာဏအတွင်း အကျုံးဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အတည်ပြုမိန့်ထုတ်ပေးနိုင်သည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ၎င်းတို့၏ ဒေသအတွင်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုများအနက် ခွင့်ပြုရင်းနှီးမြှုပ်နှံမှုပမာဏထက်ကျော်လွန်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သို့မဟုတ် နည်းဥပဒေ ၁၅၆ နှင့် အကျုံးဝင်သောလုပ်ငန်းများအတွက် သက်ဆိုင်ရာရင်းနှီးမြှုပ်နှံသူက ကော်မတီသို့ အတည်ပြုလျှောက်ထားလွှာတင်ပြလာပါက အတည်ပြုမိန့်ထုတ်ပေးနိုင်ရန်အတွက် တင်ပြသည့်ရက်မှ အလုပ်လုပ်ရက် (၁၀) ရက်အတွင်း ကော်မရှင်သို့ဆက်လက်တင်ပြရမည်။ ထိုသို့ တင်ပြရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောထားမှတ်ချက်လိုအပ်သော လုပ်ငန်းဖြစ်ပါက တစ်ပါတည်းပေးပို့ရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ၎င်းတို့၏ ဒေသအတွင်း ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနက် ဥပဒေပုဒ်မ ၃၆ နှင့် အကျုံးဝင်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကော်မရှင်သို့ ဆက်လက်တင်ပြရမည်။

## အခန်း (၄)
## အစည်းအဝေး ကျင်းပခြင်း

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အနည်းဆုံးတစ်လလျှင် တစ်ကြိမ်အစည်းအဝေးကျင်းပ၍ လက်ခံရရှိထားသည့် အတည်ပြုလျှောက်ထားလွှာများကို စိစစ်အတည်ပြုပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က စစ်ဆေးဆောင်ရွက်တွေ့ရှိမှုများအပေါ် လိုအပ်သလို ဆက်လက်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြရန်ကိစ္စများ ညှိနှိုင်းခြင်းနှင့် အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ရမည်။

၁၁။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။အစည်းအဝေးသို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ မတက်ရောက်နိုင်ပါက အစည်းအဝေးအထမြောက်ခြင်း မရှိစေရ။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်များ၏ ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် ဆုံးဖြတ်ချက်များချမှတ်ရမည်။ သဘာပတိအပါအဝင် အစည်းအဝေးတက်ရောက်သည့် စုစုပေါင်းအရေအတွက်သည် စုံဂဏန်းအရေအတွက်ဖြစ်၍ ဆုံးဖြတ်ချက်ချရန် မဲတူညီနေသည့် အခြေအနေတွင် ဥက္ကဋ္ဌ၏ဆုံးဖြတ်ချက်ကို အတည်ယူရမည်။ ယင်းဆုံးဖြတ်ချက်ကို အစည်းအဝေး တက်ရောက်နိုင်ခြင်းမရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီအဖွဲ့ဝင်များက ကန့်ကွက်ခြင်း၊ ငြင်းပယ်ခြင်း၊ ပြင်ဆင်ပြောင်းလဲရန် အဆိုပြုခြင်းတို့ကို ဆောင်ရွက်ခွင့်မရှိစေရ။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီအဖွဲ့ဝင်တစ်ဦးဦး မအားလပ်သည့်အခါတွင် ကော်မတီအစည်းအဝေးသို့ ကိုယ်စားလှယ်စေလွှတ်တက်ရောက်စေခြင်း မရှိစေရ။

၁၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု လိုအပ်သည့် ကိစ္စများအတွက် သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်သူများကို အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးပေးရန် ဖိတ်ကြားနိုင်သည်။

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် လိုအပ်ပါက အစည်းအဝေးများသို့ ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူနှင့် ယင်းတို့အား အထောက်အကူပြုမည့်သူများကို တက်ရောက်စေ၍ ရှင်းလင်းတင်ပြခွင့်၊ ဆွေးနွေးခွင့်ပြုရမည်။

၁၆။ အစည်းအဝေးဖြစ်မြောက်ရေးအတွက် လိုအပ်သည့်ကိစ္စရပ်များအား ကော်မတီအတွင်းရေးမှူးကလည်းကောင်း၊ ကော်မတီအတွင်းရေးမှူးက အခြေအနေတစ်ရပ်ရပ်ကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိသည့် အခါမျိုးတွင် ကော်မတီအဖွဲ့ဝင်တစ်ဦးဦးကလည်းကောင်း ဦးစီး၍ဆောင်ရွက်ရမည်။ ကော်မတီရုံးသည် လိုအပ်သည့် အထောက်အပံ့အားလုံးအား ဆောင်ရွက်ပေးရမည်။

## အခန်း (၅)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံး

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၁၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် ပြည့်စုံသည့်အတည်ပြုလျှောက်ထားလွှာများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီအစည်းအဝေးသို့ တင်ပြရမည်။

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် အတည်ပြုလျှောက်ထားလွှာစိစစ်ခြင်းနှင့် အတည်ပြုမိန့်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ရာတွင် နည်းဥပဒေအရ သတ်မှတ်ထားသော အတည်ပြုလျှောက်ထားလွှာစိစစ်ရေးလုပ်ငန်းစဉ်၊ အတည်ပြုလျှောက်ထားလွှာစိစစ်ရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသည့်သတင်းအချက်အလက်များ၊ အစီရင်ခံစာများ သို့မဟုတ် အကြောင်းကြားစာများကို လက်ခံ၍ ကော်မရှင်ရုံးသို့ တင်ပြနိုင်သည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးအကြီးအကဲသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး ကော်မတီရုံး၏ ရုံးလုပ်ငန်းများကို စီမံခန့်ခွဲရမည်။

## အခန်း (၆)

## အတည်ပြုလျှောက်ထားလွှာ လက်ခံခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုမိန့်ထုတ်ပေးခြင်း

### အတည်ပြုလျှောက်ထားလွှာလက်ခံခြင်း

၂၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် တင်ပြလာသည့် အတည်ပြုလျှောက်ထားလွှာအား ဥပဒေပုဒ်မ ၃၆ သို့မဟုတ် နည်းဥပဒေ ၁၅၆ နှင့် အကျုံးဝင်သက်ဆိုင်ခြင်း ရှိ မရှိ စိစစ်ရမည်။ဥပဒေပုဒ်မ ၃၆ နှင့် အကျုံးဝင်သက်ဆိုင်ပါက တင်ပြသည့်ရက်မှ အလုပ်လုပ်ရက် (၁၀) ရက်အတွင်း အဆိုပြုချက်အဖြစ် ကော်မရှင်သို့ဆက်လက်တင်ပြရမည်။နည်းဥပဒေ ၁၅၆ နှင့် အကျုံးဝင်ပါက တင်ပြသည့်ရက်မှ အလုပ်လုပ်ရက် (၁၀) ရက်အတွင်း အတည်ပြုလျှောက်ထားလွှာအား နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောထားမှတ်ချက်လိုအပ်ပါက ရယူ၍ ကော်မရှင်သို့ ဆက်လက်လွှဲပြောင်းတင်ပြရမည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် ခွင့်ပြုရင်းနှီးမြှုပ်နှံမှုပမာဏတွင် အကျုံးဝင်ပြီး ဥပဒေပုဒ်မ ၃၆ တွင် အကျုံးဝင်မှုမရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များက တင်ပြလျှောက်ထားသည့် အတည်ပြုလျှောက်ထားလွှာများကို လက်ခံရမည်-

(က) ရင်းနှီးမြှုပ်နှံသူ၊

(ခ) ရင်းနှီးမြှုပ်နှံသူ၏ အခွင့်ရကိုယ်စားလှယ်၊

(ဂ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် ပါဝင်သော လက်အောက်ခံကုမ္ပဏီ။

### အတည်ပြုလျှောက်ထားလွှာစိစစ်ခြင်း

၂၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် နည်းဥပဒေ ၇၀ ကို လိုက်နာ၍ လက်ခံရရှိသည့် အတည်ပြုလျှောက်ထားလွှာကို ပြည့်စုံမှု ရှိ မရှိ စိစစ်ရမည်။ ပြည့်စုံမှုရှိသည့်အတည်ပြုလျှောက်ထားလွှာကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက သုံးသပ်နိုင်ရန်နှင့် အတည်ပြုဆုံးဖြတ်နိုင်ရန် ဆက်လက်တင်ပြရမည်။

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် တင်ပြလျှောက်ထားလာသော အတည်ပြုလျှောက်ထားလွှာများနှင့် စပ်လျဉ်း၍ စိစစ်ရာတွင် နည်းဥပဒေ ၇၉ တွင် ဖော်ပြထားသည့် သတ်မှတ်ချက်များကို ထည့်သွင်းစဉ်းစားရမည်။

၂၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် နည်းဥပဒေ ၇၄ နှင့်အညီ ရင်းနှီးမြှုပ်နှံသူထံမှ အတည်ပြုလျှောက်ထားလွှာနှင့်စပ်လျဉ်းသည့် အချက်အလက်များအား အတည်ပြုလျှောက်ထားလွှာစိစစ်ခြင်းလုပ်ငန်းစဉ်၏ မည်သည့်အဆင့်တွင်မဆို ထပ်မံတောင်းခံနိုင်သည်။

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အတည်ပြုလျှောက်ထားလွှာများကို လက်ခံသည့်နေ့ရက်မှစတင်၍ အလုပ်လုပ်ရက် ၁၅ ရက်အတွင်း နည်းဥပဒေ ၇၁ နှင့်အညီ ငြင်းပယ်ခြင်း ပြုနိုင်သည်။ သတ်မှတ်ရက်အတွင်း ငြင်းပယ်ခြင်းမပြုပါက ယင်းအတည်ပြုလျှောက်ထားလွှာကို လက်ခံသည်ဟု မှတ်ယူရမည်။

၂၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အတည်ပြုလျှောက်ထားလွှာအား စိစစ်ရာတွင် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးမြောက်စေရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်နိုင်သည်။

၂၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ကော်မရှင်မှ အတည်ပြု လျှောက်ထားလွှာ လျှောက်ထားခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပေါ် ထပ်မံထုတ်ပြန်သည့် လမ်းညွှန်ချက်များအား လိုက်နာရမည်။

**အတည်ပြုမိန့်ထုတ်ပေးခြင်း**

၃၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် နည်းဥပဒေ ၇၂ (ခ) နှင့်အညီ အတည်ပြု လျှောက်ထားလွှာကို လက်ခံသည့်နေ့ရက်မှစတင်၍ရက်ပေါင်း ၃၀ အတွင်း စိစစ်ပြီးနောက် အတည်ပြုချက်ပေးရန်ဆုံးဖြတ်လျှင် ဆုံးဖြတ်ချက်ချပြီးအလုပ်လုပ်ရက် ၁၀ ရက်အတွင်း အတည်ပြုမိန့်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီဥက္ကဋ္ဌမှ လက်မှတ်ရေးထိုး၍ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏ အခွင့်ရကိုယ်စားလှယ်အား ထုတ်ပေးရမည်။

၃၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် နည်းဥပဒေ ၇၂ (ဂ) နှင့်အညီ အတည်ပြုမိန့် မိတ္တူကို ကော်မရှင်ရုံးအပါအဝင် လုပ်ငန်းနှင့်ဆက်စပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော် ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီသို့ ပေးပို့ရမည်။

၃၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက အတည်ပြုမိန့်ထုတ်ပေးထားသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၇၇ အရ ရင်းနှီးမြှုပ်နှံသူက အတည်ပြုမိန့်အား ပြင်ဆင်ပြောင်းလဲပေးရန် တင်ပြလာလျှင် လုပ်သားခန့်ထားခွင့်နှင့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်တို့မှအပ အတည်ပြုမိန့် ပြင်ဆင်ချက်များအား ပြင်ဆင်ထုတ်ပေးနိုင်သည်။

၃၃။ ယင်းသို့ပြင်ဆင်ခွင့်ပြုထားသည့် အတည်ပြုမိန့်ပြင်ဆင်ချက်များအား ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲနှင့် သက်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုဌာနခွဲများသို့ မိတ္တူပေးပို့ရမည်။

၃၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် မိမိအတည်ပြုမိန့်ထုတ်ပေးထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်နားခွင့်ပြုရန် တင်ပြလာပါက စိစစ်၍ ကော်မရှင်၏ခွင့်ပြုချက်ဖြင့် အတည်ပြုဆောင်ရွက်ပေးရမည်။

## အခန်း (၇)
## မြေအသုံးပြုခွင့်လျှောက်ထားလွှာလက်ခံခြင်းနှင့် စိစစ်ခြင်း

၃၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ခွင့်ပြုရင်းနှီးမြှုပ်နှံမှုပမာဏတွင် အကျုံးဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ တင်ပြလာသည့် မြေအသုံးပြုခွင့်လျှောက်ထားလွှာများကို နည်းဥပဒေအခန်း (၉) တွင် ပါရှိသည့် မြေအသုံးပြုခွင့်လျှောက်ထားလွှာစိစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုနိုင်သည်။ဤသို့ စိစစ်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။ မြေအသုံးပြုခွင့် လျှောက်ထားလွှာများကို စိစစ်လက်ခံရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် မြေအသုံးပြုခွင့် လျှောက်ထားလွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ခြင်း ရှိ မရှိ အတည်ပြုရမည်ဖြစ်ပြီး လိုအပ်ပါက မြေအသုံးပြုခွင့်နှင့်သက်ဆိုင်သည့် အခြားအချက်အလက်များကို တောင်းဆိုနိုင်သည်-

(က) မြေ သို့မဟုတ် အဆောက်အအုံ၏ တည်နေရာ၊ မြေအမျိုးအစားနှင့် အကျယ်အဝန်း၊

(ခ) မြေ သို့မဟုတ် အဆောက်အအုံပိုင်ရှင်နှင့် သက်ဆိုင်သည့်အချက်အလက်များ၊

(ဂ) ပုဒ်မ ၆၅ (စ) ကို ထည့်သွင်းစဉ်းစား၍ ရင်းနှီးမြှုပ်နှံသူမှ ငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏ သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့်အနေအထားအား သိသာထင်ရှားစွာ ပြောင်းလဲမှုပြုလုပ်ရန် လိုအပ်ခြင်း ရှိ မရှိ၊

(ဃ) အဆိုပြုသည့် မြေအသုံးပြုခွင့်ကာလ၊

(င) မြေအသုံးပြုခွင့်လျှောက်ထားလွှာတွင် သတ်မှတ်ဖော်ပြထားသည့် အခြားအချက်အလက်များ။

၃၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် အထက်ဖော်ပြပါအချက်များအပြင် လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများအားလုံးကို ပူးတွဲတင်ပြခြင်း ရှိ မရှိကို အတည်ပြုပေးရမည်-

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ သဘောထား မှတ်ချက် သို့မဟုတ် အခြားအလားတူထောက်ခံချက် သို့မဟုတ် အတည်ပြုချက်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ အခြားသက်ဆိုင်ရာအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ ရင်းနှီး မြှုပ်နှံမှုဆောင်ရွက်ရန် မြေအသုံးပြုခွင့်ပြောင်းလဲခြင်းကို အတည်ပြုချက်၊

( ခ ) မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်းခြင်းသဘောတူစာချုပ် (မူကြမ်း)၊

( ဂ ) မြေပိုင်ဆိုင်မှုအထောက်အထားများ။

၃၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် မိမိခွင့်ပြုနိုင်သည့် ခွင့်ပြုရင်းနှီးမြှုပ်နှံမှု ပမာဏထက်ကျော်လွန်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် တင်ပြလာသည့် မြေအသုံးပြုခွင့် လျှောက်ထားလွှာများကို ခွင့်ပြုပေးရန် သဘောတူညီပါက ကော်မရှင်က ခွင့်ပြုပေးနိုင်ရန်အတွက် မိမိ၏ စိစစ်ထောက်ခံချက်ကို တင်ပြသည့်ရက်မှ အလုပ်လုပ်ရက် (၁၀) ရက်အတွင်း ကော်မရှင်သို့ ပေးပို့ရမည်။

၃၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် မြေအသုံးပြုခွင့် လျှောက်ထားလွှာနှင့် သက်ဆိုင်သည့်ညွှန်ကြားချက်များ သို့မဟုတ် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၈)
## အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာ လက်ခံခြင်းနှင့် ဆက်လက်တင်ပြခြင်း

၃၉။ အတည်ပြုမိန့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သို့မဟုတ် အတည်ပြုလျှောက်ထားလွှာ လျှောက်ထားဆဲဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံသူသည် ပုဒ်မ ၇၅၊ ၇၇ နှင့် ၇၈ တို့နှင့် အကျုံးဝင်သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာများကို တင်ပြလာပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးက စိစစ်လက်ခံရမည်။ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာများကို လက်ခံရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မတီရုံးသည် အောက်ပါအချက်အလက်များကို အတည်ပြုပေးရမည်-

(က) ဝင်ငွေခွန်ကင်းလွတ်ခွင့်အတွက် လျှောက်ထားခြင်းဖြစ်ပါက လျှောက်ထားသည့် ရင်းနှီးမြှုပ်နှံမှုသည် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင်သာ ပြုလုပ်ခြင်း ရှိ မရှိနှင့် အကျုံးဝင်သည့် ဇုန် အမျိုးအစား၊

( ခ ) ဝင်ငွေခွန်ကင်းလွတ်ခွင့်အတွက် လျှောက်ထားခြင်းဖြစ်ပါက လျှောက်ထားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသည် ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အကျုံးဝင်ခြင်း၊

( ဂ ) ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပုဒ်မ ၇၇ (က) အရ အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားမည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ပြင်ဆင်မှုကာလအတွင်း အမှန်တကယ် လိုအပ်၍ တင်သွင်းသော စက်ပစ္စည်းများ၊ အသုံး အဆောင်တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများ၊ ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ခြင်းမရှိသော တည်ဆောက်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများဖြစ်ခြင်း၊

(ဃ) ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပုဒ်မ ၇၇ (ခ) အရ အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားမည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ရရှိမည့် မျှော်မှန်းဝင်ငွေ၏ ၈၀ ရာခိုင်နှုန်းသည် ပို့ကုန်များမှရရှိသော နိုင်ငံခြားငွေဖြစ်ခြင်း၊

( င) ရင်းနှီးမြှုပ်နှံသူသည် ဥပဒေပုဒ်မ ၇၇ (ဂ) အရ အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားမည်ဆိုပါက ၎င်း၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ပို့ကုန်များအတွက် နိုင်ငံခြားငွေဖြင့် ရရှိသည့် ဝင်ငွေအချိုးအစားနှင့် ပတ်သက်သည့် အချက်အလက်များ။

၄၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးသည် အထက်ဖော်ပြပါ သက်ဆိုင်သည့် အချက်အလက်များကို အတည်ပြုပြီးနောက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာများကို ဥပဒေနှင့်အညီ ပြည့်စုံစွာစိစစ်၍ ကော်မရှင်သို့ တင်ပြသည့်ရက်မှ အလုပ်လုပ်ရက် (၁၀) ရက်အတွင်း ဆက်လက်ပေးပို့ရမည်။ ကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံးမှတစ်ဆင့် ပေးပို့တင်ပြလာသည့် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် လျှောက်ထားလွှာကို နည်းဥပဒေ ၁၇၅ (ခ) နှင့်အညီလက်ခံ၍ ကော်မရှင်အစည်းအဝေးသို့ ဆက်လက်တင်ပြပေးရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်များကို ခွင့်ပြုပေးခွင့်မရှိပါ။ ယင်းကင်းလွတ်ခွင့်များကို ကော်မရှင်၏ ခွင့်ပြုချက်အရသာ ဆောင်ရွက်ရမည်။

## အခန်း (၉)
## ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ကြီးကြပ်ခြင်း

၄၁။ နည်းဥပဒေ ၁၅၅ (ဂ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ခွင့်ပြုမိန့်၊ အတည်ပြုမိန့်ရရှိပြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ကြပ်မတ်ရမည်။

၄၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် အခါအားလျော်စွာ စိစစ်ကြပ်မတ်နိုင်ရန် အလို့ငှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ကို သင့်လျော်သလို ဖွဲ့စည်းရမည်။

၄၃။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့တွင်တိုင်းဒေသကြီးနှင့်ပြည်နယ်ကောင်စီဝင်တစ်ဦးဦးက အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီရုံး အကြီးအကဲ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အတွင်း သင့်လျော်သည့် ဌာနများမှ ဌာနအကြီးအကဲများက အဖွဲ့ဝင်အဖြစ်လည်းကောင်း မဖြစ်မနေ ပါဝင်ဆောင်ရွက်ရမည်။

၄၄။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် နည်းဥပဒေ ၁၇၉ မှ နည်းဥပဒေ ၁၈၅ အထိ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၅။ တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေး အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အမိန့်နှင့်ညွှန်ကြားချက်များကို လိုအပ်သလို ထုတ်ပြန်နိုင်သည်။

**ပုံမှန်စစ်ဆေးခြင်း**

၄၆။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ပုံမှန်စစ်ဆေးခြင်းကို အောက်ပါအတိုင်း အပိုင်း (၃) ပိုင်းခွဲ၍ ၁ နှစ်လျှင် အနည်းဆုံး (၁) ကြိမ် စစ်ဆေးရမည်-

(က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ပြင်ဆင်မှုကာလမတိုင်မီ စစ်ဆေးခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တည်ဆောက်မှုကာလ သို့မဟုတ် ပြင်ဆင်မှုကာလအတွင်း စစ်ဆေးခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စီးပွားဖြစ်စတင်ပြီးနောက်ပိုင်း စစ်ဆေးခြင်း။

**ရှောင်တခင်စစ်ဆေးခြင်း**

၄၇။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် အောက်ပါအခြေအနေမျိုးတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ရှောင်တခင်စစ်ဆေးခြင်းကို ဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ တိုင်ကြားချက်များ လက်ခံရရှိခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် မမှန်မကန် ဆောင်ရွက်ကြောင်း သတင်းရရှိခြင်း၊

(ဂ) ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း စာချုပ်ပါအချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိကြောင်း သတင်းရရှိခြင်း။

**အခါအားလျော်စွာ စစ်ဆေးခြင်း**

၄၈။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ပုံမှန်စစ်ဆေးခြင်းနှင့် ရှောင်တခင်စစ်ဆေးခြင်းတို့အပြင် လိုအပ်ချက်အပေါ်မူတည်၍ တိုင်းဒေသကြီး/ပြည်နယ်ကောင်စီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အခါအားလျော်စွာ စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်သည်။

၄၉။ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့် ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသည် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို ချိုးဖောက်ကြောင်း သို့မဟုတ် မမှန်မကန်ဆောင်ရွက်နေကြောင်းတွေ့ရှိပါက ကော်မရှင်က အရေးယူ ဆောင်ရွက်နိုင်ရန်အလို့ငှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီမှတစ်ဆင့် ကော်မရှင်သို့ ဆောလျင်စွာ တင်ပြရမည်။

၅၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ကော်မရှင်က ချမှတ်သည့် ဆုံးဖြတ်ချက်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ

၅၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ဤလုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ ရုံးလုပ်ငန်း၊ အစည်းအဝေးစရိတ်များ အပါအဝင် စရိတ်စကများကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစီအစဉ်ဖြင့် ကျခံရမည်။

၅၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် နည်းဥပဒေ ၂၁၄ အရ ကော်မရှင်က သတ်မှတ်သည့် ဝန်ဆောင်စရိတ်နှုန်းထားအတိုင်း သတ်မှတ်ကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ သတ်မှတ်ငွေစာရင်းခေါင်းစဉ်အောက်တွင် ထည့်သွင်းရမည်။

## အခန်း (၁၁)
## အထွေထွေ

၅၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် အတည်ပြုလျှောက်ထားလွှာများ စိစစ်ခွင့်ပြုရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ဥပဒေ၊ နည်းဥပဒေနှင့် ဤလုပ်ထုံးလုပ်နည်းများကို အချိန်မီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်နှင့် ရုံးစာဖြင့်ပေးပို့ခြင်းတို့ အပါအဝင် ဆက်သွယ်ရေးနည်းလမ်းတစ်ခုခုဖြင့် ဆက်သွယ်ဆောင်ရွက်ရမည်။ ကော်မရှင်က သဘောထားမှတ်ချက် တောင်းခံခြင်းအပါအဝင် ဆက်သွယ်ဆောင်ရွက်လာသည့် ကိစ္စရပ်များအား ကော်မရှင်က သတ်မှတ်ပေးသည့်နေ့ရက်အတွင်း ပြန်ကြားရမည်။

၅၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက ခွင့်ပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို ကော်မရှင်သို့ ၃ လ တစ်ကြိမ် အစီရင်ခံစာ တင်ပြရမည်။ ယင်းအစီရင်ခံစာတွင် အောက်ဖော်ပြပါအချက်အလက်များ ပါဝင်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုအခြေအနေ၊

(ခ) ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအကျဉ်းချုပ်နှင့်

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ။

၅၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် နေပြည်တော် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးရမည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့်၊ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်စေမည့် အစီအစဉ်များ၊ အစီအမံများကို ကော်မရှင်သို့ အကြံပြုတင်ပြရမည်။

၅၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဆိုင်ရာ အစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ အစည်းအဝေးများကို စီစဉ်ကျင်းပနိုင်သည်။

၅၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် မိမိတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုခုကို ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်သိမ်းခြင်းအပါအဝင် ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ဖော်ပြထားခြင်းမရှိသည့် ကိစ္စများနှင့်စပ်လျဉ်း၍ ကော်မရှင်သို့ တင်ပြခွင့်ပြုချက်ရယူပြီးမှသာ ဆောင်ရွက်ရမည်။

၅၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီသည် ဤလုပ်ထုံးလုပ်နည်းပါ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်ရမည်။

၆၀။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၁၁-၅-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၇ နှင့် ၁၄-၈-၂၀၁၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ပြင်ဆင်ဖြည့်စွက်သည့် အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၈ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

## ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအသီးသီး၏ အဖွဲ့ဝင် အစားထိုးဖွဲ့စည်းခြင်း

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီများဖွဲ့စည်းခြင်း

အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၂၁ တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားသည့် ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး **အစား** စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များအား ကိုင်တွယ်သော နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်ကို အစားထိုးဖွဲ့စည်းလိုက်သည်။

မိုးမြင့်ထွန်း
ဒုတိယဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၁၀၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် **ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ** တွင် ညွှန်ကြားရေးမှူးချုပ်၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တို့အား အဖွဲ့ဝင်များအဖြစ် ထပ်မံဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)
အောင်ထွန်းခိုင်၊ ဒုတိယဝန်ကြီး
အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

**တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) ဦးတင်အောင် | ဥက္ကဋ္ဌ<br>တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| ( ခ ) | ဦးယဉ်ထွေး | အဖွဲ့ဝင် (၄) တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဦးခင်မောင်ချို | အုပ်ချုပ်ရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဆန်းလင်းဦး | ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးနေလင်းစိုး | တိုင်းဒေသကြီးဦးစီးမှူး၊ တနင်္သာရီတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးဇော်မင်းအုန်း | ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်သိန်းထွန်း | ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဦးသက်လွင်ဦး | ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဦးမျိုးဝင်းသန်း | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် အုပ်ချုပ်မှုဒါရိုက်တာ (Grand Andaman Travels and Tours) | အဖွဲ့ဝင် |
| (ည) | ဦးကျော်ဝင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်း | အဖွဲ့ဝင် |
| ( ဋ ) | ဦးကျောက်စိမ်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်း | အဖွဲ့ဝင် |
| ( ဌ ) | ဒေါ်မိုးမိုး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဒုတိယအထွေထွေမန်နေဂျာ (KMA Hotel Group) | အဖွဲ့ဝင် |
| ( ဍ ) | ဦးရဲအောင်မိုး | တာဝန်ခံ၊ တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

## ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကရင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးစောမြင့်ဦး | ဥက္ကဋ္ဌ<br>ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဦးရဲထွန်းဦး | အဖွဲ့ဝင် (၃)<br>ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးတင့်ဝေသုံ | ညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာကျော်စွာမြင့် | ပြည်နယ်ဦးစီးမှူး<br>ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | သူရမြင့်သူ | ညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးတင်မောင်နီ | ညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်သူကျော် | ညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးချစ်ဝေ | ညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးစိုင်းခမ်းလှိုင် | ခရီးသွားလုပ်ငန်းတတ်သိပညာရှင်<br>ဟိုတယ်လုပ်ငန်းရှင်<br>(Zwekapin Valley Resort & Spa Hotel) | အဖွဲ့ဝင် |
| (ည) | ဦးစောဟန်အေး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဟိုတယ်လုပ်ငန်းရှင် (Grand Hill Hotel) | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်ဝင်းမင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဟိုတယ်လုပ်ငန်းရှင် (Thiri Hpa–an Hotel) | အဖွဲ့ဝင် |
| (ဌ) | ဦးညီညီနိုင် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဟိုတယ်လုပ်ငန်းရှင် (Thanlwin Paradise Hotel) | အဖွဲ့ဝင် |
| (ဍ) | ဦးအေးမောင်လှိုင် | တာဝန်ခံ၊ ကရင်ပြည်နယ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၁)

## ချင်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ချင်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးငွန်ဆန်းအောင် | ဥက္ကဋ္ဌ<br>ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်ငြိမ်း | အဖွဲ့ဝင် (၃)<br>ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးမောင်မောင်ဆန်း | အတွင်းရေးမှူး<br>ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဃ) | ဦးနေလင်း | ပြည်နယ်ဦးစီးမှူး၊ ချင်းပြည်နယ်<br>လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး<br>ဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးကျော်မင်းသိန်း | ညွှန်ကြားရေးမှူး<br>ချင်းပြည်နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးလွှန်ဆဝုန် | ညွှန်ကြားရေးမှူး<br>ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဒေါ်နွယ်နီဦး | ညွှန်ကြားရေးမှူး၊ ချင်းပြည်နယ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးမြင့်ကြိုင် | ပြည်နယ်ဦးစီးမှူး၊ ချင်းပြည်နယ်<br>လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးရှိန်းဂေဝိုင်း | ခရီးသွားလုပ်ငန်းတတ်သိပညာရှင်<br>ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ည) | ဦးလိန်းဝိုင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>အတွင်းရေးမှူး၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဋ) | ဦးသိန်းဒွေးလွင် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>အဖွဲ့ဝင်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ( ဌ ) | ဦးငွန်ဇမ့်ုန် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဒါရိုက်တာ၊ (The Backyard ခရီးသွားလုပ်ငန်းကော်မတီ) | အဖွဲ့ဝင် |
| ( ဍ ) | ဦးအောင်ဖြိုး | တာဝန်ခံ၊ ချင်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၁)

## မွန်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မွန်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးဇော်လင်းထွန်း | ဥက္ကဋ္ဌ မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| ( ခ ) | နိုင်လယိတမ (ခ) နိုင်ခင်မောင်ဇင် | အဖွဲ့ဝင် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဦးတင်ချယ် | ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်မြင့်ဦး | ညွှန်ကြားရေးမှူး မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဦးတင်ကိုကို | ညွှန်ကြားရေးမှူး မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ( စ ) | ဦးစိုးဝင်း | ညွှန်ကြားရေးမှူး မွန်ပြည်နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်အောင်လေး | ညွှန်ကြားရေးမှူး မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဦးမင်းသိန်း | ပြည်နယ်ဦးစီးမှူး၊ မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ခိုင်သဉ္ဇာသိန်း | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် စီမံခန့်ခွဲမှုဒါရိုက်တာ ICBC Training Center | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ည) | ဦးချန်ထွန်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ မွန်ပြည်နယ်ဟိုတယ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဋ) | ဦးချိုချို | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အတွင်းရေးမှူး၊ မွန်ပြည်နယ် ဟိုတယ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဌ) | ဦးစောသက်နိုင် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အမှုဆောင်၊ မွန်ပြည်နယ် ဟိုတယ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဍ) | ဦးသန်းထွဋ်ခိုင် | တာဝန်ခံ၊ မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၁)

## ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးမျိုးဆွေဝင်း | ဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်မှူးကြီးလှမျိုးရွှေ | အဖွဲ့ဝင် (၁) ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်သက် | ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ရဲမှူးကြီးဝင်းချွန် | ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (င) | ဦးအောင်မြင့် | ညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးဇော်မိုး | ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်ဇော် | ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်မော်လီဝင်း | ဒုတိယတိုင်းဦးစီးမှူး၊ ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဈ) | ဒေါ်အေးသီတာမိုး | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် ဒုဥက္ကဋ္ဌ(၂)၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ည) | ဦးဆန်းလွင် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အတွင်းရေးမှူး၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ပဲခူး) | အဖွဲ့ဝင် |
| (ဋ) | ဦးစိုးသန်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ပြည်) | အဖွဲ့ဝင် |
| (ဌ) | ဦးမြင့်ညို | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဒုဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (တောင်ငူ) | အဖွဲ့ဝင် |
| (ဍ) | ဦးဟောက်ကျင်မုန် | တာဝန်ခံ၊ ပဲခူးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၁)

## ရှမ်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရှမ်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဒေါက်တာကျော်ထွန်း | ဥက္ကဋ္ဌ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဦးခွန်သိန်းမောင် | အဖွဲ့ဝင် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးသောင်းတင်ထွေး | ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးလေးနိုင် | ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးစိုင်းထွန်းထွန်း | ညွှန်ကြားရေးမှူး ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးကျော်ရဲထွန်း | ညွှန်ကြားရေးမှူး ရှမ်းပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်မြင့် | ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (ဇ) | ဦးသိန်းငွေ | ညွှန်ကြားရေးမှူး ရှမ်းပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဈ) | ဒေါက်တာကြည်လွင် | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် နာယက၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရှမ်းတောင်ဇုန်) | အဖွဲ့ဝင် |
| (ည) | ဦးမျိုးမင်းဇော် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရှမ်းတောင်ဇုန်) | အဖွဲ့ဝင် |
| (ဋ) | ဦးထွန်းနေဦး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရွှေတြိဂံဇုန်) | အဖွဲ့ဝင် |
| (ဌ) | ဦးဇော်ဇော် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရှမ်းမြောက်ဇုန်) | အဖွဲ့ဝင် |
| (ဍ) | ဦးထင်အောင်နိုင် | တာဝန်ခံ၊ ရှမ်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၁)

## ဧရာဝတီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဧရာဝတီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါ အတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးရဲမြင့် | ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဦးအုန်းမြင့် | အဖွဲ့ဝင် (၃) ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးဝေဇင်ထွန်း | အုပ်ချုပ်ရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဘုန်းလွင် | ညွှန်ကြားရေးမှူး ဧရာဝတီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဦးရန်နိုင်ဇော် | ညွှန်ကြားရေးမှူး (မြို့ပြ) ဧရာဝတီတိုင်းဒေသကြီးလမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်စိန်မမ | ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးနေမင်းထက် | ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ( ဇ ) | ဦးဝင်းမြင့် | တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ရောဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင်တစ်ဦး | | အဖွဲ့ဝင် |
| (ည) | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် (၁) ဦး | | အဖွဲ့ဝင် |
| ( ဋ ) | ဦးဝင်းမြင့် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဟိုတယ်လုပ်ငန်းရှင်၊နေခြည်လင်းဟိုတယ်၊ ပုသိမ်မြို့ | အဖွဲ့ဝင် |
| ( ဌ ) | ဦးလှိုင်မွန် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဟိုတယ်လုပ်ငန်းရှင် Hotel @ The Sea ငွေဆောင်ဟိုတယ်ဇုန် | အဖွဲ့ဝင် |
| ( ဍ ) | ဦးဇော်လင်းထွန်း | တာဝန်ခံ၊ ရောဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၄/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မောင်မောင်အုန်း
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၁၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယကြီးကြပ်ရေးမှူး (၇) ဦးတို့အား ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန် ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

(၁) က ၃၃၀၈ ဒုတိယကြီးကြပ်ရေးမှူး

| | |
|---|---|
| ဦးဆန်းလွင်ထွန်း | ဦးစီးအရာရှိ |
| အုတ်ဖိုကန်ဘောင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း | မန္တလေးဗဟိုအကျဉ်းထောင် |

(၂) က ၃၉၄၅ ဒုတိယကြီးကြပ်ရေးမှူး

| | |
|---|---|
| ဒေါ်ပွင့်ပွင့်ဖြူ | ဦးစီးအရာရှိ |
| လုံခြုံရေးဌာနစု | အုပ်ချုပ်ရေးဌာနစု |
| (အင်းစိန်ဗဟိုအကျဉ်းထောင်တွဲဖက်) | (လုံခြုံရေးဌာနစုတွဲဖက်) |

(၃) က ၃၇၀၃ ဒုတိယကြီးကြပ်ရေးမှူး
ဦးမြင့်ဇော် — ဦးစီးအရာရှိ
ထားဝယ်အကျဉ်းထောင် — မိုးညှင်းဗဟိုအကျဉ်းထောင်

(၄) က ၃၅၄၅ ဒုတိယကြီးကြပ်ရေးမှူး
ဦးမြင့်လွင် — ဦးစီးအရာရှိ
ရာဇဝြုလ်(၂) စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း — ရမည်းသင်းအကျဉ်းထောင်

(၅) က ၃၇၄၅ ဒုတိယကြီးကြပ်ရေးမှူး
ဦးသက်စိုး — ဦးစီးအရာရှိ
အင်္ဂါဘိုရာဘာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း — အင်းစိန်ဗဟိုအကျဉ်းထောင်

(၆) က ၃၇၃၆ ဒုတိယကြီးကြပ်ရေးမှူး
ဦးကျော်လှိုင် — ဦးစီးအရာရှိ
သီပေါအကျဉ်းထောင် — သာယာဝတီဗဟိုအကျဉ်းထောင်

(၇) က ၄၁၃၅ ဒုတိယကြီးကြပ်ရေးမှူး
ဦးချိုအောင် — ဦးစီးအရာရှိ
ရွှေသူဌေးစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း — လုံခြုံရေးဌာနစု

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၁၄/၂၀၂၁)**

အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယကြီးကြပ်ရေးမှူး (၆) ဦးတို့အား ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

(၁) က ၃၈၅၁ ဒုတိယကြီးကြပ်ရေးမှူး
ဦးဇော်မင်းဦး — ဒုတိယတာဝန်ခံအရာရှိ
လုံခြုံရေးဌာနစု — ဇန်းမော်အကျဉ်းထောင်

(၂) က ၃၈၁၆ ဒုတိယကြီးကြပ်ရေးမှူး — ဦးစီးအရာရှိ
ဒေါ်ယဉ်ယဉ်အေး — ဝန်ထမ်းလေ့ကျင့်ရေး
မုံရွာအကျဉ်းထောင် — သင်တန်းကျောင်း (မန္တလေး)

(၃) က ၄၀၇၄ ဒုတိယကြီးကြပ်ရေးမှူး — ဒုတိယစခန်းတာဝန်ခံ
ဦးရဲထွန်းလင်း — လွင်ကြီးစိုက်ပျိုးမွေးမြူရေးနှင့်
အင်းစိန်ဗဟိုအကျဉ်းထောင် — အသက်မွေးမှုအတတ်သင်စခန်း

(၄) က ၄၁၃၀ ဒုတိယကြီးကြပ်ရေးမှူး — ဒုတိယစခန်းတာဝန်ခံ
ဦးတင်နိုင်လင်း — အင်္ဂါဘိုရာဘာစိုက်ပျိုးမွေးမြူရေးနှင့်
သာယာဝတီဗဟိုအကျဉ်းထောင် — အသက်မွေးမှုအတတ်သင်စခန်း

(၅) က ၃၇၅၀ ဒုတိယကြီးကြပ်ရေးမှူး
ဦးဇော်မျိုးထက် — ဦးစီးအရာရှိ
အင်းစိန်ဗဟိုအကျဉ်းထောင် — လုံခြုံရေးဌာနစု

(၆) က ၄၂၂၉ ဒုတိယကြီးကြပ်ရေးမှူး
ဦးအောင်ဖြိုးဦး — ဒုတိယတာဝန်ခံအရာရှိ
အင်းဖြောင်ကုန်ထုတ်စခန်း — ဘူးသီးတောင်အကျဉ်းထောင်

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၁၅/၂၀၂၁)

အကျဉ်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယကြီးကြပ်ရေးမှူး (၆) ဦးတို့အား ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | က ၄၁၃၈ ဒုတိယကြီးကြပ်ရေးမှူး<br>ဒေါ်ချောစုကို<br>အင်းစိန်ဗဟိုအကျဉ်းထောင် | ဦးစီးအရာရှိ<br>ကုန်ထုတ်လုပ်ငန်းဌာန |
| (၂) | က ၃၉၉၄ ဒုတိယကြီးကြပ်ရေးမှူး<br>ဒေါ်သက်အိခိုင်<br>ရွှေဘိုအကျဉ်းထောင် | ဦးစီးအရာရှိ<br>ထောက်ပံ့ရေးဌာနစု |
| (၃) | က ၃၈၃၀ ဒုတိယကြီးကြပ်ရေးမှူး<br>ဦးအောင်ချိုဝင်း<br>ထောက်ပံ့ရေးဌာနစု | ဒုတိယစခန်းတာဝန်ခံ<br>မန္တလေးဗဟိုအကျဉ်းထောင် |
| (၄) | က ၃၅၆၈ ဒုတိယကြီးကြပ်ရေးမှူး<br>ဦးမြင့်ရှိန်<br>ကြူအင်းစိုက်ပျိုးမွေးမြူရေးနှင့်<br>အသက်မွေးမှုအတတ်သင်စခန်း | ဒုတိယစခန်းတာဝန်ခံ<br>ထုံးဘို (၁) ကုန်ထုတ်စခန်း |
| (၅) | က ၃၅၁၅ ဒုတိယကြီးကြပ်ရေးမှူး<br>ဦးတင့်ဆွေ<br>တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး | ဒုတိယတာဝန်ခံအရာရှိ<br>မြောင်းမြအကျဉ်းထောင် |
| (၆) | က ၃၆၈၃ ဒုတိယကြီးကြပ်ရေးမှူး<br>ဦးရဲဝင်း<br>ကချင်ပြည်နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>သာယာဝတီဗဟိုအကျဉ်းထောင် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၁၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

၁။ မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်) မှ (မ ၀၁၀၇) ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သူရ အား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှ နိုဝင်ဘာလ ၁၆ ရက်နေ့အထိ (၄) လကို မူလအခြေခံနည်းဥပဒေ အပိုဒ် ၈၆ (က) (၁) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ (မ ၀၁၀၇) ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သူရ အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့အထိ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၂၄/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှ ဦးစီးအရာရှိ (ပထမတန်း) (ဦး/ရေး/ထောက်) ရဲ၃၇၆၈ ဒုတိယရဲမှူးကြီး လှမိုး အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင် တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး အမှတ် (၂) ရေကြောင်း ရဲကွပ်ကဲမှုအဖွဲ့ခွဲ (ထားဝယ်) သို့ ကွပ်ကဲမှုအဖွဲ့ခွဲမှူးအဖြစ် ပြောင်းရွှေ့ တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၄၈/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှ တပ်ဖွဲ့မှူး ရဲ ၁၆၇၅ ယာယီ ရဲမှူးချုပ် ထက်လွင် အား ယာယီခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြုခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၅၄၉/၂၀၂၁)**

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ မယ်စဲမြို့၊ မြောက်ပိုင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၂/ ဆေးရုံကုန်း၊ ဦးပိုင်အမှတ်-၄(က)၊ မြေကွက်အမှတ်-၁၃၄ ရှိ **မြေဧရိယာ ၀.၃၄၄ ဧက** အား **ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့် ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** မှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာအမှတ် (၅၆၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပလောက်မြို့၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-၇၉၈-က/နန်းတောင်ကော်ပတ်တောကွင်း၊ ဦးပိုင်အမှတ် ၈ ရှိ **မြေဧရိယာ ၀.၃၀ ဧက** အား **ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပလောက်မြို့** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** မှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာအမှတ် (၅၆၈/၂၀၂၁)**

၁။ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ အမှတ် (၈) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်- လွယ်ကန်မိန်းတိုးချဲ့၊ ဦးပိုင်အမှတ်-၈၄၊ **မြေဧရိယာ ၁.၄၆၉** ဧကရှိမြေအား ပြည်ထောင်စုတရားလွှတ်တော် ချုပ်ရုံး၊ **လားရှိုးခရိုင်တရားရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာအမှတ် (၅၆၉/၂၀၂၁)**

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့၊ မင်္ဂလာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၈/မင်္ဂလာရပ်၊ ဦးပိုင်အမှတ်-၂-င၊ မြေကွက်အမှတ်-၄/၂၁၀၊ **မြေဧရိယာ ၀.၂၁၁ ဧက** ရှိ မြေအား သာသနာရေးဦးစီးဌာန၊ **ညောင်ရွှေမြို့နယ်သာသနာရေးဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန် အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

၂။ အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

### (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၀၂၀/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဃ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၀၁၆/၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက် လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၂/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၁၉၉၂ ခုနှစ်၊ အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။　ယခုအခါတွင် COVID-19 ကြောင့် ဖြစ်ပေါ်နေသော စီးပွားရေးကျဆင်းမှုကို ကုစားသည့်အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်း၌ SKD စနစ်ဖြင့်ထုတ်လုပ်သော Bus ကားများ၊ SKD စနစ်ဖြင့်ထုတ်လုပ်သော/Body Building ပြုလုပ်သော Truck ကားများ၊ SKD စနစ်ဖြင့် ထုတ်လုပ်သော သုံးဘီးမော်တော်ဆိုင်ကယ်များ၊ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ဆိုင်ကယ်များနှင့် အစီးလိုက် (CBU) သုံးဘီးမော်တော်ဆိုင်ကယ်များအပေါ်တွင် ကောက်ခံလျက်ရှိသော အကောက်ခွန်နှုန်းထားများအား အောက်ပါအတိုင်းဖြေလျှော့ခွင့်ပြုလိုက်သည်-

| စဉ် | ယာဉ်အမျိုးအစား | တန်ချိန်/ အမျိုးအစား | လက်ရှိကောက်ခံ နှုန်း (%) | | ဖြေလျှော့ကောက်ခံ မည့်နှုန်း (%) | |
|---|---|---|---|---|---|---|
| | | | CBU | SKD | CBU | SKD |
| (က) | SKD စနစ်ဖြင့် ထုတ်လုပ်သော Bus များ | ၆ တန်အထက် | - | ၁၀% | - | ၂.၅% |
| | | ၆ တန်နှင့်အောက် | - | ၁၀% | - | ၂.၅% |
| ( ခ ) | SKD စနစ်ဖြင့် ထုတ်လုပ်သော/ Body Building ပြုလုပ်သော Truck များ | ၅ တန်အထက် | – | ၁၀% | - | ၂.၅% |
| | | ၅ တန်နှင့်အောက် | – | ၁၀% | – | ၂.၅% |
| ( ဂ ) | သုံးဘီးမော်တော် ဆိုင်ကယ် | လူစီး | ၂၀% | ၁၀% | ၁၀% | ၀% |
| | | ကုန်တင် | ၁၀% | ၇.၅% | ၅% | ၀% |
| (ဃ) | မော်တော်ဆိုင်ကယ် | – | ၅% | ၅% | ၅% | ၀% |

၂။　ဤအမိန့်ကြော်ငြာစာသည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

### အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ အဖွဲ့ဝင်တစ်ဦး ပြင်ဆင်ဖွဲ့စည်းခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့်ပစ္စည်းဝယ်ခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် ဤဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၆/၂၀၂၁ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်လင်း အဖွဲ့ဝင် **အစား** ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းတောက်အောင် အဖွဲ့ဝင်ဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

အမှတ် ၁၈၂။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဝန်ထမ်းများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|---|
| (၁) | ဒေါ်မျိုးအိဝင်း | ရုံးအုပ်<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ |
| (၂) | ဒေါ်နန်းမြတ်ခင်ဝင်း | ရုံးအုပ်<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|---|
| (၃) | ဦးမျိုးဝင်းအောင် | ရုံးအုပ် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ |
| (၄) | ဒေါ်ညိုမီအောင် | ရုံးအုပ် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ |
| (၅) | ဒေါ်ဥမ္မာခင် | ရုံးအုပ် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ |

## (ဝန်ကြီးရုံး)

အမှတ် ၁၈၃။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဝန်ထမ်းများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ၊ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|---|
| (၁) | ဒေါ်ခင်စိမ်းဝင်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ပုသိမ်ကြီးမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ |
| (၂) | ဒေါ်စောလပြည့်ဝင်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မန္တလေးခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ |
| (၃) | ဒေါ်ဆွေဆွေမြင့် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မလှိုင်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဖာပွန်ခရိုင်ရုံး |
| (၄) | ဒေါ်တင်တင်ချို | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အလုံမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ထားဝယ်ခရိုင်ရုံး |
| (၅) | ဦးယဉ်မင်းအောင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဘုတလင်မြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ၊ |
| (၆) | ဒေါ်အေးအေးအောင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) စစ်တွေခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စစ်တွေခရိုင်ရုံး |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ၊ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|---|
| (၇) | ဒေါ်အေးနန္ဒာဦး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ၊ |
| (၈) | ဦးဇေယျာဝင်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မော်လိုက်ခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ခန္တီးခရိုင်ရုံး |
| (၉) | ဒေါ်နန္ဒာလှိုင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ |
| (၁၀) | ဦးသိန်းနိုင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ၊ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ၊ |
| (၁၁) | ဒေါ်ယမင်းလှိုင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ |
| (၁၂) | ဒေါ်ခင်စန္ဒာထွန်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ |
| (၁၃) | ဒေါ်အေးအေးမော် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ |
| (၁၄) | ဒေါ်ဇာဇာတိုး | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ |
| (၁၅) | ဒေါ်လင်းလင်းစန်း | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မင်းတပ်ခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မင်းတပ်ခရိုင်ရုံး |
| (၁၆) | ဒေါ်ရွှေရည်တင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မတူပီခရိုင်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မတူပီခရိုင်ရုံး |
| (၁၇) | ဦးဖြိုးမောင်မောင် | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) သပိတ်ကျင်းမြို့နယ်ရုံး | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|---|
| (၁၈) | ဒေါ်နန်းနွဲ့သိင်္ဂီ | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ကျောက်တံတားမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ |
| (၁၉) | ဦးဇော်မင်းထွန်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မိုးကုတ်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မော်လိုက်ခရိုင်ရုံး |
| (၂၀) | ဦးထိန်လင်း | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>တောင်သာမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကျိုင်းတုံခရိုင်ရုံး |
| (၂၁) | ဒေါ်မေသန္တာ | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>လှိုင်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ |
| (၂၂) | ဒေါ်အေးအေးသီ | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>သံဖြူဇရပ်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မြဝတီခရိုင်ရုံး |
| (၂၃) | ဒေါ်လွန်းနန်းထွေး | ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မိုးမောက်မြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မိုးညှင်းခရိုင်ရုံး |

ချစ်နိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၆/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုဌာနခွဲ၊ အင်ဂျင်နီယာချုပ် (စက်မှု) ရုံးမှ ဒုတိယညွှန်ကြားရေးမှူး (စက်မှု)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးမောင်မောင်ချို အား ညွှန်ကြားရေးမှူး (စက်မှု)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး လစ်လပ်လာမည့် တောင်ငူမြို့၊ စက်မှုတိုင်း (၂)၊ ညွှန်ကြားရေးမှူးရုံးသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၆/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စီမံကိန်း ဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးတို့အား စီမံကိန်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထား လိုက်သည်-

| စဉ် | အမည်၊ ရာထူး | တိုးမြှင့်ခန့်ထားမည့်ရာထူး |
|---|---|---|
| (က) | ဒေါက်တာခင်မာလေး<br>ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| ( ခ ) | ဒေါက်တာအေးမိစိုး<br>ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၅/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၆/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ ပဲမျိုးစုံသုတေသနဌာနစုမှ သုတေသနမှူး (စိုက်ပညာရှင်)၊ လစာနှုန်း (၃၄၁,၀၀၀- ၄,၀၀၀-၃၆၁,၀၀၀) ဒေါ်မြတ်မြတ်နွယ် အား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (စိုက်ပညာရှင်)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး ရိတ်သိမ်းချိန်လွန် နည်းပညာနှင့် အစားအစာသိပ္ပံသုတေသနဌာနခွဲ၊ ဌာနခွဲတာဝန်ခံရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၆/၂၀၂၁)

၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊စီမံခန့်ခွဲရေးကော်မတီ၏(၆/၂၀၂၁)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)၊ လစာနှုန်း (၃၄၁,၀၀၀- ၄,၀၀၀-၃၆၁,၀၀၀) ဦးမျိုးမျိုး အား လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀- ၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး ကရင်ပြည်နယ် ဦးစီးမှူးရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ ခန့်ထားလိုက်သည်၊

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၈၀/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

၁။　၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထားမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ/စီမံ) ဦးအောင်ဝင်း အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။　ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ (၅၆) ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃) နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

၁။　၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ဥပဒေဌာနက လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ဒေါ်စိစိ အား နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၆ ရက်မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်အထိ ခံစားခွင့်ပြုလိုက်သည်။

၂။　ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ (၅၆) ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဗိုလ်ချုပ်ကြီးတင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာနှင်းနွယ်အေး [၈/မကန (နိုင်) ၀၀၈၅၃၄] အား ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်း [၁၂/ပဇတ (နိုင်) ၀၁၀၇၃၀] အား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှစတင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာ ပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**အမိန့်အမှတ် (၂၇၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှု များပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်-

(က) **ပဲခူးတိုင်းဒေသကြီး**

(၁) သာယာဝတီမြို့နယ်၊

(၂) မင်းလှမြို့နယ်၊

(ခ) **မန္တလေးတိုင်းဒေသကြီး**

(၁) ချမ်းမြသာစည်မြို့နယ်၊

(၂) ချမ်းအေးသာစံမြို့နယ်၊

(၃) ပြည်ကြီးတံခွန်မြို့နယ်၊

(၄) မဟာအောင်မြေမြို့နယ်၊

(၅) အောင်မြေသာစံမြို့နယ်၊

(၆) ပုသိမ်ကြီးမြို့နယ်၊

(၇) အမရပူရမြို့နယ်၊

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) မိမိနေအိမ်တွင်သာနေထိုင်ရန် (အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများမပါ)၊

(ခ) မဖြစ်မနေ ဈေးဝယ်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊

(ဂ) ဆေးရုံ၊ ဆေးခန်း သွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(ဃ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (mask) တပ်ရန်၊

(င) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့် ယာဉ်များနှင့်ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(စ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင်တစ်ဦး၊ ဆေးရုံ/ဆေးခန်း သွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာသွားရောက်ရန်၊

(ဆ) အဆိုပါမြို့နယ်မှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာ ဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (စ) တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင်ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက်သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက် ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက် ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ ဝ၄:ဝဝ နာရီအချိန်မှ စတင်သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၂၆၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

### ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့သည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ယင်းဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ဌ) အရ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာလုပ်ငန်းကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း လိုက်သည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားကျန်းမာရေးခေတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားသွေးဌာန၊ ရန်ကုန်<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး (ကုသရေး)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး (သွားကျန်းမာ)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး (ကုသမှုထောက်ကူပြု)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး (သူနာပြု)<br>ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဈ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

(ည) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

(ဋ) ညွှန်ကြားရေးမှူး(လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေး) — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ဌ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံဆေးကောင်စီ

(ဍ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ

(ဎ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ

(ဏ) ညွှန်ကြားရေးမှူး (ပုဂ္ဂလိကကျန်းမာရေး) — အတွင်းရေးမှူး
ကုသရေးဦးစီးဌာန

၂။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့၏ တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်က တင်ပြသော ကိစ္စရပ်များကို ဗဟိုအဖွဲ့သို့ စိစစ်တင်ပြရန်၊

(ဂ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးကြီးကြပ်ရန်၊

(ဃ) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၆ နှင့်အညီ ဗဟိုအဖွဲ့က လွှဲအပ်၍ ဆောင်ရွက်စေသည့် ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရန်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ဥက္ကဋ္ဌ၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၀၀/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲနှင့် ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲတို့တွင် အသုံးပြုမည့် လမ်းလုပ်ငန်းသုံးစက်ပစ္စည်း အပိုင်း/အခြားအပိုင်းများအား ပြည်တွင်းကုမ္ပဏီများထံမှ စိစစ်ရွေးချယ်ဝယ်ယူနိုင်ရေးအတွက် **တင်ဒါဦးစီး ကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်**

**အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ** များအား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) **တင်ဒါဦးစီးကော်မတီ**

(၁) ဦးမင်းထိန် — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးအောင်မြင့်ဦး — ဒုတိယဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၃) ဒေါ်တင်မိုးမြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးစိုးထွန်းနိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၅) ဦးဝင်းသိန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၆) ဦးမျိုးတင့်အောင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး

(၇) ဦးဝဏ္ဏဇော် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

( ခ ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) ဦးဝဏ္ဏဇော် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၂) ဒေါ်တင်မိုးမြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၃) ဦးဝင်းသိန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးခင်မောင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၅) ဦးကျော်မင်းနောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၆) ဦးထွန်းမင်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၇) ဦးဇော်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
လမ်းဦးစီးဌာန

(၈) ဦးဖြိုးအောင်ထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဥတ္တရခရိုင်

(၉) ဦးဟန်လင်းအောင် — အဖွဲ့ဝင်
မြို့နယ်ဒုတိယဦးစီးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဥတ္တရသီရိမြို့နယ်

(၁၀) ဦးပြည့်ဖြိုးမောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

**( ဂ ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) ဦးစိုးထွန်းနိုင် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၂) ဒေါက်တာထွန်းမြင့်အောင် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၃) ဦးရဲခေါင်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးခင်မောင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၅) ဦးကျော်မင်းနောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၆) ဦးထွန်းမင်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၇) ဦးပြည့်ဖြိုးမောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ**

(၁) ဒေါ်တင်မိုးမြင့် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၂) ဒေါက်တာထွန်းမြင့်အောင် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၃) ဦးခင်မောင်သန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၄) ဦးကျော်မင်းနောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၅) ဦးထွန်းမင်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(၆) ဦးပြည့်ဖြိုးမောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

၂။ **ကော်မတီ** များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါဦးစီးကော်မတီ** ၏ လုပ်ငန်းတာဝန်များ-

(၁) ပစ္စည်းဝယ်ယူခြင်းအတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၂) ပစ္စည်းဝယ်ယူခြင်းအတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၃) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း၊

(၄) တင်ဒါတွင်ပါဝင်မည့် ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ သတ်မှတ်ခြင်း၊

(၅) ပစ္စည်းများဝယ်ယူခြင်းအတွက် စစ်ဆေးမည့်နည်းလမ်းများသတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(၆) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့်နေရာနှင့် တင်ဒါ အောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(၇) တင်ဒါအောင်မြင်သူများကို ကြေညာခြင်း၊

(၈) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကိုတာဝန်ပေးအပ်ခြင်း၊

(၉) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါ အောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(၁၀) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(၁၁) အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း။

( ခ ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များ-

(၁) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

( ဂ ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်မှာ။ ဝယ်ယူမည့်ပစ္စည်း၏ ကြမ်းခင်းဈေးနှုန်းကို **တင်ဒါကော်မတီ** သို့ တင်ပြရမည်။

(ဃ) **အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များ-

(၁) အရည်အသွေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကိုစမ်းသပ်ခြင်း၊

(၂) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ဝယ်ယူမည့်ဌာနအဖွဲ့အစည်းကိုယ်စားပေးပို့လာသည့် ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုကိုလက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများထုတ်ပေးခြင်း။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၁၃/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇၁/၂၀၂၁ အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကိုယ်ပိုင်အမှတ်၊ ဆ/၂၈၈၅ ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့် စီမံကိန်း) ဒေါ်မီမီတင် အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၂၀/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

**ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ အရာထမ်း/အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေး၊ ဌာနဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ မူဝါဒများနှင့်အညီ စနစ်တကျ ဆောင်ရွက်

နိုင်ရန်၊ လိုအပ်သည့် ကြီးကြပ်ကွပ်ကဲမှုနှင့် အကဲဖြတ်စိစစ်မှုများ ပြုလုပ်နိုင်ရန်အတွက် ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဦးရွှေလေး<br>ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးမင်းထိန်<br>ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးရဲမင်းဇော်<br>ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးလှထွန်းဦး<br>ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးနေအောင်ရဲမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်မီမီတင်<br>ညွှန်ကြားရေးမှူးချုပ်<br>မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဝဏ္ဏဇော်<br>ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဝင်းမင်းထွဋ်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်မြင့်ဦး<br>အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ည) | လက်ထောက်အတွင်းဝန်<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဝန်ထမ်းရေးရာ ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများ၊ လုံခြုံရေး၊ ဝန်ထမ်းသက်သာချောင်ချိရေး ကိစ္စရပ်များတွင် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန်နှင့် ဌာနဆိုင်ရာလုပ်ငန်းများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်း၊ မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်–

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့

ရုံးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန/အဖွဲ့အစည်းများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ဆောင်ရွက်၍ လိုအပ်သည်များကို လမ်းညွှန်ရန်၊

( ခ ) ကော်မတီသည် မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ပေးရန်နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုအဖွဲ့အစည်းများတွင် တာဝန်ခံဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များကို လုပ်ငန်းအရ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို စနစ်တကျ သတ်မှတ်၍ တိကျသော လုပ်ပိုင်ခွင့်များကို သတ်မှတ်ဆောင်ရွက်စေရန်၊

( ဂ ) ကော်မတီသည် နိုင်ငံတော်၏ စီမံကိန်းများအရ အကောင်အထည်ဖော်ဆောင်ရမည့် လုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာ လုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် သွက်လက်လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်း အဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့် လျော်ညီသည့် စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျ ဆောင်ရွက်ရန်၊

(ဃ) ဝန်ကြီးဌာန၏ စီမံကိန်းလျာထားချက်များနှင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန်အတွက် အဆိုပြုချက်များကို ကော်မတီသို့ ဦးစွာတင်ပြ၍ အသေးစိတ် စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်ရန်၊

( င ) အရအသုံးခန့်မှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ် ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

( စ ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ်လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သော ကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များကို ကော်မတီသို့တင်ပြ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊

( ဇ ) နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းတစ်ခုနှင့်တစ်ခု ညီညွတ်မျှတစွာ ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွင်း အစိတ်အပိုင်းတစ်ခုနှင့်တစ်ခု အကြား ညီညွတ်မှုရှိစေရေး၊ ကုန်ထုတ်လုပ်မှု မကျဆင်းရေးအတွက် စီးပွားရေးလုပ်ငန်းများကို ထိရောက်စွာ စီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှု၊ လေလွင့်ဆုံးရှုံးမှုများကို ထိရောက်မြန်ဆန်စွာ ထိန်းချုပ်နိုင်ရေးတို့အတွက် ကော်မတီမှ လေ့လာသုံးသပ်၍ နည်းလမ်းများ ရှာဖွေရယူသုံးသပ်ပြီး ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်ရန်၊

( ဈ ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ ပြည်တွင်း၊ ပြည်ပပို့ကုန်/သွင်းကုန်နှင့် သက်ဆိုင်သောကိစ္စရပ်များ၊ တင်ဒါရွေးချယ်ရေးကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်များနှင့်အညီ စိစစ်ကြပ်မတ် ဆောင်ရွက်ရန်။

၃။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် ဝန်ကြီးဌာန၏ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာစီမံကိန်းများ၊ ကျေးလက်လမ်းလုပ်ငန်းများနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးနိုင်ရေးအတွက် အစည်းအဝေးများကို လုပ်ငန်းလိုအပ်ချက်အပေါ်တွင်မူတည်ပြီး အပတ်စဉ်သို့မဟုတ် လစဉ်လိုအပ်သလို မျက်နှာစုံညီ ခေါ်ယူတွေ့ဆုံကျင်းပ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်စွဲပါ စာအမှတ်၊ ၁/ဌာနခွဲ-၁/ EC/၂၀၂၁ (စီ ၁၅၉၇) ဖြင့် ယခင်ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွန်ပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

၁။ ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လွှဲပြောင်းပေးအပ်လာသော မွန်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါလမ်းကို လမ်းဦးစီးဌာနပိုင် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ စီမံခန့်ခွဲသော မြို့နယ်/ကျေးရွာများ ဆက်သွယ်သည့် **လမ်းမကြီး** အဖြစ် သတ်မှတ်ကြေညာလိုက်သည်–

| | | | |
|---|---|---|---|
| (က) | လမ်းမကြီးအမည် | – | အမှတ် (၂) ခရိုင်ချင်းဆက်လမ်း<br>(သဲအိမ်–ကြာပန်းအပိုင်း) |
| (ခ) | လမ်းမကြီးအရှည် | – | ၁၄ မိုင် ၄ ဖာလုံ ၃၃၀ ပေ သို့မဟုတ် ၂၃.၄၃၆ ကီလိုမီတာ |
| (ဂ) | လမ်းစတင်သည့်နေရာ | – | ၀/၀ မိုင် သို့မဟုတ် ၀ ကီလိုမီတာ၊ သဲအိမ်ရွာ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | – | ၁၄ မိုင် ၄ ဖာလုံ ၃၃၀ ပေ သို့မဟုတ်<br>၂၃.၄၃၆ ကီလိုမီတာ၊ ကြာပန်းရွာ |
| (င) | လမ်းအဆင့်အတန်း | – | မြို့နယ်/ကျေးရွာများဆက်သွယ်သည့်လမ်း |
| (စ) | လမ်းနယ်နိမိတ် | – | ၁၀၀ ပေ |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော မွန်ပြည်နယ်အတွင်းရှိ လမ်းအရှည်စုစုပေါင်းကို ၇၃၀ မိုင် ၇ ဖာလုံ ၅၆၁ ပေ သို့မဟုတ် ၁၁၇၆.၃၉၉ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၂၀၇/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

**အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ) ASEAN Law Association (Myanmar) ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သည့် **အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ) ASEAN Law Association (Myanmar)** ကို ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဒေါက်တာသီတာဦး — ဥက္ကဋ္ဌ
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

| | | |
|---|---|---|
| ( ခ ) | ဦးစန်းလွင်<br>ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဦးမြသိန်း<br>ဒုတိယဥက္ကဋ္ဌ<br>တရားလွှတ်တော်ရှေ့နေများကောင်စီ | အဖွဲ့ဝင် |
| (ဃ) | ဒေါ်တင်နွယ်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| ( င ) | ဒေါက်တာခင်ချစ်ချစ်<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| ( စ ) | ဒေါက်တာခင်ဖုန်းမြင့်ကြူ<br>ပါမောက္ခ (ဌာနမှူး)<br>ဥပဒေပညာဌာန<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာသီသီမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အတွင်းရေးမှူး |
| ( ဇ ) | ဒေါက်တာဆွေဆွေအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ) ASEAN Law Association (Myanmar) ၏ လုပ်ငန်းတာဝန်များသည် အောက်ပါအတိုင်းဖြစ်သည်-

(က) အာဆီယံနိုင်ငံများရှိ ဥပဒေပညာရှင်များအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊

( ခ ) အာဆီယံဥပဒေပညာရှင်များအသင်း၏ အစည်းအဝေးများ၊ ဆွေးနွေးပွဲများတွင် မိမိနိုင်ငံနှင့်သက်ဆိုင်သည့် ဥပဒေရေးရာကိစ္စရပ်များတွင် ပါဝင်ဆွေးနွေးခြင်း၊

( ဂ ) အာဆီယံနိုင်ငံများအကြား ချုပ်ဆိုသည့်စာချုပ်များနှင့်စပ်လျဉ်း၍ ဥပဒေအရ အငြင်းပွားမှု ပေါ်ပေါက်ပါက အနုညာတခုံသမာဓိဖြင့် ဖျန်ဖြေရာတွင် ကျွမ်းကျင်မှုအကူအညီပေးခြင်း၊

(ဃ) ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုခြင်း၊

( င ) ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်ကဖြစ်စေ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့်ဖြစ်စေ အာဆီယံဥပဒေပညာရှင်များအသင်း (မြန်မာ) ASEAN Law Association (Myanmar) သို့ ဝင်ရောက်လိုပါက စိစစ်ထောက်ခံပေးခြင်း။

၃။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

ဒေါက်တာသီတာဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၆၉/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

### အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒေါ်စီစီချိန်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ရုံးအဖွဲ့ | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါ်စန်းစန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါ်ခင်ခင်သီ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေး/နည်းပညာဖွံ့ဖြိုးရေး | အဖွဲ့ဝင် |
| (ဃ) | ဦးအေးငွေ<br>ညွှန်ကြားရေးမှူး<br>ရုံးအဖွဲ့ (ပြည်တွင်း/ပြည်ပ) | အဖွဲ့ဝင် |
| (င) | ဒေါ်မြမြစိန်<br>ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ–၁၊ PA Unit<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်မြတ်ဖြူပြာကြည်<br>ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ–၂၊ ၃<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
| --- | --- | --- |
| (ဆ) | ဒေါ်သန္တာဖြူအေး<br>ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၄၊ ၅<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ငြိမ်းငြိမ်းဝင်း<br>ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ-၆၊ ၇<br>စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်တင်တင်ငြိမ်း<br>ညွှန်ကြားရေးမှူး<br>စီမံရေးရာလေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါ်မီမီသက်<br>ညွှန်ကြားရေးမှူး<br>မြန်မာနိုင်ငံစာရင်းကောင်စီရုံး | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ဌေးညွှန့်နွယ်<br>ညွှန်ကြားရေးမှူး<br>နေပြည်တော်စာရင်းစစ်ရုံး | အဖွဲ့ဝင် |
| (ဌ) | ဒေါ်လှလှချစ်<br>ညွှန်ကြားရေးမှူး<br>ရုံးအဖွဲ့ (ဦးစီးရုံး) | အတွင်းရေးမှူး |

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်မှုများကို ကြိုတင်ဆန်းစစ်လေ့လာခြင်း၊

(ခ) အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ သင်ကြားပို့ချခြင်း၊ ကြိုတင်တားဆီးရေးများ ဆောင်ရွက်ခြင်း၊

(ဂ) အဂတိလိုက်စားမှုပေါ်ပေါက်သည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(င) အဖွဲ့၏ဆောင်ရွက်မှုအစီရင်ခံစာကိုပြည်ထောင်စုစာရင်းစစ်ချုပ်ထံသို့လစဉ်အစီရင်ခံစာတင်ပြခြင်း။

၃။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲပါ ရုံးအမိန့်အမှတ်၊ (၃) ဖြင့် ဖွဲ့စည်းခဲ့သော အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း ရုံးအမိန့်ကို ဤရုံးအမိန့်ဖြင့်လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာကံဇော်
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၈ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁) ၏ သဘောတူညီချက်ဖြင့် ဤ "နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများ [Ethical Values for Civil Service Personnel]" ကို ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်လိုက်သည်။

သန်းဆွေ

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

## နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများ

### နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်ထောင်စုအဆင့်တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်တွင် ဝန်ထမ်းအမျိုးအစားအလိုက် သတ်မှတ်ထားရှိသည့် ရာထူးအသီးသီး၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့ဝန်ထမ်းများသည် တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ သတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၌ ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အတတ်ပညာရပ်ဆိုင်ရာပြည့်စုံပြီး ဘက်လိုက်မှုကင်းရှင်းသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကောင်းမွန်သောအုပ်ချုပ်မှု၊ ဒီမိုကရေစီစံနှုန်းများနှင့် ပြည့်စုံရန်လိုအပ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းပြီး အဂတိလိုက်စားမှုကင်းစင်ရမည့်အပြင် မိမိတို့အား ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် လိုအပ်သည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်းများနှင့်လည်း ပြည့်စုံရန်လိုအပ်ပါသည်။

၂။ ထို့အတူ မိမိတို့အား ပေးအပ်ထားသည့်တာဝန်၊ ဝတ္တရားများနှင့်အညီ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ တာဝန်ကျေပွန်စွာထမ်းဆောင်မှု၊ ရိုးဖြောင့်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်ဆောင်ရွက်မှု၊ သာတူညီမျှမှု၊ တန်းတူညီတူရှိမှု၊ ဘက်လိုက်ခြင်းကင်းမှု စသည့်အချက်များနှင့် ပြည့်စုံပါက ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသည့် နိုင်ငံ့ဝန်ထမ်းကဏ္ဍတစ်ခု ပေါ်ထွန်းလာမည်ဖြစ်ပါသည်။

၃။ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးသတ်မှတ်ချက်များသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၂ ပုဒ်မခွဲ (င) အရ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တိုက်ရိုက် သက်ဆိုင်ခြင်းမရှိပါ။

၄။ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုး သတ်မှတ်ချက်များသည် ယခင်ပြဋ္ဌာန်းထားရှိသော နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ကျင့်သုံးလျက်ရှိသော စံနမူနာကောင်းများကို အခြေခံ၍ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်း ရေးဆွဲခဲ့ခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းတိုင်း သိရှိလိုက်နာစောင့်ထိန်းရမည့် အဓိကစံတန်ဖိုးများပင်ဖြစ်ပါသည်။

၅။ သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း၊ ဝန်ထမ်းအမျိုးအစားအလိုက် လုပ်ငန်းသဘာဝအလျောက် သတ်မှတ်ထားသည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာရမည့်အပြင် ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးသတ်မှတ်ချက်များကိုလည်း စောင့်ထိန်းလိုက်နာရမည်ဖြစ်ပါသည်။

## အခန်း (၁)
## ရည်ရွယ်ချက်

၆။ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးများသတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်သူများအပေါ် ပိုမိုထိရောက်ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆန်းသစ်တီထွင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများပေါ်ထွက်လာစေရန်၊

( ခ ) နိုင်ငံ့ဝန်ထမ်းများထံမှ ပြည်သူများ မျှော်လင့်သည့် ပွင့်လင်းမြင်သာမှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ယုံကြည်အားထားရမှုများတိုးမြှင့်လာစေရန်၊

( ဂ ) နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူများအပေါ် ကောင်းမွန်သောဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးအတွက် အထက်အောက် ဆက်ဆံရေး၊ တန်းတူဆက်ဆံရေး အဆင်ပြေချောမွေ့စေမှုနှင့် အပြန်အလှန်ယုံကြည် စေမှုတည်ဆောက်ရန်အတွက် အလုပ်ဌာန ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်ရန်၊

(ဃ) ပြည်သူများကိုဝန်ဆောင်မှုပေးရာတွင် ခွဲခြားဆက်ဆံမှု၊ ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာ ဆောင်ရွက် ပေးခြင်းအားဖြင့် ကတိကဝတ် ခိုင်မာသော နိုင်ငံ့ဝန်ထမ်းကဏ္ဍဖြစ်ပေါ်လာစေရန်၊

( င ) နိုင်ငံ့ဝန်ထမ်းများသည် မိမိအားပေးအပ်ထားသည့် တာဝန်နှင့် ဝတ္တရားများကို ထမ်းဆောင်ရာတွင် ပြည်သူနှင့်ဆက်ဆံရာ၌ဖြစ်စေ၊ အဖွဲ့အစည်းအတွင်းနှင့် အဖွဲ့အစည်းအချင်းချင်းဆက်ဆံရာ၌ဖြစ်စေ၊ ဆုံးဖြတ်ချက်များချမှတ်ရာ၌ဖြစ်စေ၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ထက်မြက်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သစ္စာရှိမှု၊ ယုံကြည်အားထားရမှု၊ သမာသမတ်ကျမှု၊ ဆက်ဆံရေးပြေပြစ်မှုနှင့် အဂတိကင်းရှင်းမှုတို့ ရှိခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍမြင့်မားလာစေရန်၊

( စ ) အများပြည်သူနှင့်သက်ဆိုင်သော သဘာဝအရင်းအမြစ်နှင့် ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်များကို ရေရှည် တည်တံ့ခိုင်မြဲအောင် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်သွားရန်၊

(ဆ) ကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးသတ်မှတ်ချက်များကို နိုင်ငံ့ဝန်ထမ်းများက လိုက်နာခြင်းအားဖြင့် ပြည်သူများ အားလုံး ပါဝင်မှုရှိသော၊ တန်းတူညီမျှမှုရှိသော ခိုင်မာအားကောင်းသည့် ဒီမိုကရေစီအသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာစေရန်။

## အခန်း (၂)
## နိုင်ငံ့ဝန်ထမ်းများထားရှိရမည့်စံတန်ဖိုးသတ်မှတ်ချက်များ

၇။ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့် အခြားသောအဖွဲ့အစည်းဆိုင်ရာကျင့်ဝတ်များသည် နိုင်ငံ့ဝန်ထမ်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောအစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ အဖွဲ့အစည်း အလိုက်ချမှတ်ထားသည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ဆောင်ချက်များ၊ ဆုံးဖြတ်ချက်များချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်စံတန်ဖိုးများသည် ဝန်ထမ်းများကို များစွာအထောက်အကူပြုပါသဖြင့် အောက်ပါ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်စံတန်ဖိုးသတ်မှတ်ချက် များနှင့်အညီ လိုက်နာဆောင်ရွက်ရပါမည်-

(က) ပြည်သူ့ဗဟိုပြုနိုင်ငံ့ဝန်ထမ်းများဖြစ်ရန် ကတိကဝတ်ပြုခြင်း၊

( ခ ) လုပ်ငန်းတာဝန်များကို ဖွဲ့၊ လုံ့လ၊ ဝီရိယဖြင့် တိကျ မှန်ကန် မြန်ဆန် ထိရောက်စွာ ဆောင်ရွက်ခြင်း၊

(ဂ) ဆန်းသစ်တီထွင်နိုင်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိခြင်း၊

(ဃ) ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် ယုံကြည်ထိုက်ခြင်း၊

(င) ထူးချွန်ပြောင်မြောက်မှုနှင့် အတတ်ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုရှိခြင်း၊

(စ) အားလုံးပါဝင်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုရှိခြင်း၊

(ဆ) ဘက်လိုက်မှုကင်းခြင်း၊ အဂတိကင်းရှင်းခြင်း၊ တရားမျှတစွာဆောင်ရွက်မှုရှိခြင်း၊

(ဇ) ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း။

## အခန်း (၃)

## ပြည်သူဗဟိုပြုနိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရန်ကတိကဝတ်ပြုခြင်း

၈။ နိုင်ငံ့ဝန်ထမ်းများသည်-

(က) ပြည်သူများ၏အကျိုးစီးပွားကို ရှေးရှု၍ အလေးထားဆောင်ရွက်ရမည်။

(ခ) သဘာဝသယံဇာတအရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ထိန်းသိမ်းစောင့်ရှောက်ရမည်။

(ဂ) ပြည်သူများ၏ လိုအပ်ချက်ကို မဆိုင်းမတွ တုံ့ပြန်ဖြည့်ဆည်းပေးနိုင်ရေးနှင့် တန်းတူညီမျှမှုရှိစေရေးတို့အတွက် ပြည်သူ့ဝန်ဆောင်မှုစံနှုန်းများ မြင့်မားစေရေးတို့ကို ဆောင်ရွက်ရမည်။

(ဃ) လူမျိုး၊ ဘာသာ၊ အဆင့်အတန်း၊ ကျား/မ ခွဲခြားမှုမရှိဘဲ ပြည်သူများ၏ လုပ်ငန်းကိစ္စရပ်များဆောင်ရွက်ရာတွင် စာနာမှု၊ ပြည်သူကို ရိုသေလေးစားမှုနှင့်အတူ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရမည်။

(င) ပြည်သူများ၏ ယုံကြည်မှုကို ရရှိစေရန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စံပြဖြစ်နေစေရန် မိမိ၏ပြုမူဆောင်ရွက်ချက်များကို ကောင်းမွန်သော ရလဒ်ရရှိရေး သုံးသပ်စဉ်းစားဆောင်ရွက်ရမည်။

(စ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားအတွက် ကောင်းမြတ်သည့် စိတ်စေတနာ၊ ကိုယ်ကျင့်တရားတို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည်။

(ဆ) ပြည်သူ့အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် အပြုအမူများကို ရှောင်ကြဉ်ရမည်။

## အခန်း (၄)

## လုပ်ငန်းတာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် တိကျမှန်ကန် မြန်ဆန်ထိရောက်စွာဆောင်ရွက်ခြင်း

၉။ နိုင်ငံ့ဝန်ထမ်းများသည်-

(က) ဝန်ထမ်းအချင်းချင်း၊ ဌာနအဖွဲ့အစည်းအချင်းချင်း ထိရောက်စွာချိတ်ဆက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) ပေးအပ်သောတာဝန်နှင့် ဝတ္တရားများကို လိုလားစွာဖြင့် ထိုးထွင်းကြံဆ၍ အချိန်နှင့်တစ်ပြေးညီ မှန်ကန်ပြီးမြောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) မိမိလုပ်ငန်းတာဝန်နှင့် နီးနွှယ်ဆက်စပ်နေသည့် ပညာရပ်ဆိုင်ရာနယ်ပယ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်။

(ဃ) လုပ်ငန်းတာဝန်များကို အမှားအယွင်းမရှိစေရန် တိကျသေချာစွာ အလေးအနက်ထားဆောင်ရွက်ရမည်။

## အခန်း (၅)

## ဆန်းသစ်တီထွင်နိုင်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိခြင်း

၁၀။ နိုင်ငံ့ဝန်ထမ်းများသည်-

(က) နိုင်ငံတော်နှင့် အဖွဲ့အစည်း၏ တိုးတက်ရေးကိုရှေးရှု၍ အရည်အချင်းပြည့်ဝနေစေရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူးမှတ်သားနိုင်စွမ်းရှိရမည်။

( ခ ) မိမိတို့၏ လုပ်ငန်းခွင်အတွေ့အကြုံများနှင့် အတတ်ပညာပိုင်းဆိုင်ရာဗဟုသုတများကို ပြန်လည်မျှဝေ ပေးနိုင်စွမ်းရှိရမည်။

( ဂ ) မိမိအဖွဲ့အစည်းအတွက် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိရမည့်အပြင် ခေတ်နှင့်လျော်ညီသည့် အတတ်ပညာနှင့် ဆန်းသစ်တီထွင်နိုင်သည့် အတွေးအခေါ်ရှိရမည်။

(ဃ) လုပ်ငန်းခွင်အခက်အခဲများကို သမားရိုးကျမဟုတ်ဘဲ ထိရောက်လျင်မြန်သော နည်းလမ်းကောင်းများဖြင့် အောင်မြင်စွာ ကြံဆဖြေရှင်းနိုင်စွမ်းရှိရမည်။

( င ) နက်ရှိုင်းကျယ်ပြန့်စွာ ထိုးထွင်းသိမြင်ပြီး စဉ်းစားတွေးခေါ် ဆောင်ရွက်နိုင်စွမ်းရှိရမည်။

( စ ) ဖြတ်ထိုးဉာဏ်ကောင်း၍ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိရမည်။

## အခန်း (၆)

## ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာရှိခြင်းနှင့် ယုံကြည်ထိုက်ခြင်း

၁၁။ နိုင်ငံ့ဝန်ထမ်းများသည်-

(က) ပြည်သူကိုဝန်ဆောင်မှုပေးရာတွင် ရိုးသားဖြောင့်မတ်မှုရှိရမည်။

( ခ ) ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်သိက္ခာကို အကောင်းဆုံးစောင့်ထိန်းရမည်။

( ဂ ) တာဝန်အရအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် မလျော်ဩဇာသုံးခြင်းတို့မှ ရှောင်ကြဉ်ရမည်။

(ဃ) နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေး တို့အတွက် ထိန်းသိမ်းစောင့်ရှောက်ရမည်။

( င ) အစိုးရနှင့် ပြည်သူများအကြား ကောင်းမွန်သောယုံကြည်မှုကို တည်ဆောက်ထိန်းသိမ်းနိုင်ရေး ဦးတည်ကြိုးပမ်းရမည်။

( စ ) ရာထူး၊ ဌာန၊ လုပ်ငန်းတာဝန်များနှင့်ဆက်စပ်၍ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များ ရောထွေးမှုမရှိစေရေး စောင့်ထိန်းရမည်။

(ဆ) လုပ်ငန်းခွင်အတွင်း အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရမည်။

( ဇ ) လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသည့် သတင်းအချက်အလက်များ ပေါက်ကြားမှုမရှိစေရေး အထူး သတိပြု ထိန်းသိမ်းရမည်။

(ဈ) ရိုးသားဖြောင့်မတ်ပြီး နိုင်ငံတော်၊ မိမိဌာနအဖွဲ့အစည်းနှင့် ပြည်သူတို့အပေါ် သစ္စာရှိရမည်။

(ည) ဌာနအဖွဲ့အစည်းက ယုံကြည်စိတ်ချစွာတာဝန်ပေးအပ်နိုင်သူဖြစ်ရမည်။

( ဋ ) ဝန်ထမ်းအချင်းချင်း၏ ယုံကြည်လေးစား အားကိုးထိုက်သူဖြစ်ရမည်။

( ဌ ) မိမိဌာနအဖွဲ့အစည်းနှင့် ဝန်ထမ်းအချင်းချင်းအပေါ် အထင်အမြင်လွဲမှားစေမည့် အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုတို့ကို ရှောင်ကြဉ်ရမည်။

(ဠ) ဌာနအဖွဲ့အစည်းဆိုင်ရာ သတင်းအချက်အလက်များကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်။

(ဃ) မိမိ၏အခွင့်အာဏာနှင့်ဆက်နွှယ်၍ မည်သည့်စီးပွားရေး လုပ်ငန်းများတွင်မျှ ကိုယ်ကျိုးစီးပွားပါဝင်ပတ်သက်ခြင်းမပြုရ။

## အခန်း (၇)
## ထူးချွန်ပြောင်မြောက်မှုနှင့် အတတ်ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုရှိခြင်း

၁၂။ နိုင်ငံ့ဝန်ထမ်းများသည်-

(က) ခေါင်းဆောင်မှုဆိုင်ရာအရည်အသွေးများနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ မြင့်မားလာစေရေးအတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးရမည်။

(ခ) အများပြည်သူဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များကို အရည်အချင်းပြည့်ဝစွာဖြင့် ချမှတ်အကောင်အထည်ဖော်နိုင်ရေး လေ့လာဆည်းပူးရမည်။

(ဂ) ပြည်သူကိုဝန်ဆောင်မှုပေးရာတွင် အမြင့်မားဆုံးသော ကျွမ်းကျင်မှုဆိုင်ရာအရည်အချင်းများဖြင့် စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်ပေးရမည်။

(ဃ) လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်တတ်စေရေးနှင့် တာဝန်ထမ်းဆောင်မှုနှင့် စွမ်းဆောင်ရည် အခြေပြု စံသတ်မှတ်ချက်များအပေါ် အခြေခံ၍ ကျွမ်းကျင်မှုအရည်အချင်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လေ့လာဆည်းပူးရမည်။

(င) ခေတ်မီဆက်သွယ်ရေးနည်းပညာများကို တတ်သိနားလည်ပြီး အသုံးချနိုင်စွမ်းရှိရမည်။

(စ) နိုင်ငံတော်နှင့် ဌာနအဖွဲ့အစည်းများမှ ထုတ်ပြန်သည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လေ့လာဆည်းပူးရမည်။

(ဆ) ကြိုးကြပ်ကွပ်ကဲမှုအနည်းဆုံးဖြင့် လုပ်ငန်းတာဝန်များကိုအောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဇ) မိမိရာထူးအဆင့်အလိုက် ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရမည့်အပြင် လုပ်ဖော်ကိုင်ဖက်များကိုလည်း ကျွမ်းကျင်မှုရှိစေရန် ပံ့ပိုးကူညီရမည်။

(ဈ) အရည်အချင်းပြည့်ဝနေစေရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူးမှတ်သားဆောင်ရွက်ရမည်။

## အခန်း (၈)
## အားလုံးပါဝင်၍ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုရှိခြင်း

၁၃။ နိုင်ငံ့ဝန်ထမ်းများသည်-

(က) ဝန်ထမ်းရေးရာကိစ္စရပ်များကိုဆောင်ရွက်ရာတွင် လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးအဆင့်အတန်း၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားဆက်ဆံခြင်းမပြုရ။

(ခ) ဌာန၊ ဒေသ၊ ဓလေ့ထုံးတမ်းယဉ်ကျေးမှုများနှင့်အညီ လိုက်လျောညီထွေ အပြန်အလှန်လေးစားစွာ ဆက်ဆံဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော ပြည်တွင်း၊ ပြည်ပအစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါက ချမှတ်ထားသော မူဝါဒများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) မိမိအားပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အချင်းချင်းရိုင်းပင်းကူညီ၍ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရမည်။

## အခန်း (၉)

## ဘက်လိုက်မှုကင်းခြင်း၊ အဂတိကင်းရှင်းခြင်း၊ တရားမျှတစွာဆောင်ရွက်မှုရှိခြင်း

၁၄။ နိုင်ငံ့ဝန်ထမ်းများသည်-

(က) အဂတိတရားကင်းရှင်းစွာ အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အခါအားလျော်စွာ ထုတ်ပြန်သည့်ဒေသန္တရဆိုင်ရာ အမိန့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) ဘက်လိုက်မှုကင်းရှင်းရမည့်အပြင် အများပြည်သူအထင်အမြင်လွဲမှားစေနိုင်သည့် အပြုအမူ၊ အပြောအဆိုတို့ကိုလည်း ရှောင်ကြဉ်ရမည်။

(ဃ) ပြည်သူများကို လေးစားမှု၊ စာနာမှုနှင့် တရားမျှတမှုတို့ဖြင့် ဆက်ဆံရမည်။

(င) ဆုံးဖြတ်ချက်များကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်မျှတစွာ ချမှတ်ရမည်။

(စ) နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။

## အခန်း (၁၀)

## ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း

၁၅။ နိုင်ငံ့ဝန်ထမ်းများသည်-

(က) နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာမှုဖြင့် မှန်ကန်စွာဆောင်ရွက်ရမည်။

(ခ) လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် မိမိ၏လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များအတွက် တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိရမည်။

(ဂ) ပြည်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျစိစစ်၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

(ဃ) တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ကျေမှုတို့ဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၁၁)

## အထွေထွေ

၁၆။ ကျင့်ဝတ်ဆိုင်ရာပြဿနာများ ပေါ်ပေါက်လာပါက အနီးကပ်ကြီးကြပ်သူအရာရှိက ပြဿနာရင်းမြစ်ကို စုံစမ်း၍ ဖြေရှင်းခြင်း၊ ဆုံးဖြတ်ခြင်း သို့မဟုတ် ကျိုးကြောင်းဆီလျော်သော သုံးသပ်အကြံပြုချက်တို့ဖြင့် အထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်တင်ပြရမည်။

၁၇။ အထက်အရာရှိအကြီးအမှူးများကလည်း မိမိလက်အောက်ဝန်ထမ်းများမှ တင်ပြလာသည့်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်း၊ တရားမျှတခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်းတို့ဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များနှင့်အညီ မှန်ကန်မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်ရမည်။

## နိဂုံး

၁၈။ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာစံတန်ဖိုးသတ်မှတ်ချက်များကို သိရှိလိုက်နာစောင့်ထိန်းခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများက ယုံကြည်အားထားမှုပိုမိုရရှိစေမည့်အပြင် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝသာယာဝပြောရေးတို့ကို ထိရောက်အောင်မြင်စွာ ဖော်ဆောင်နိုင်စေမည်ဖြစ်ပါသည်။

၁၉။ သို့ဖြစ်ပါ၍ ဤနိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များသည် ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ပေါ်လာစေရေး၊ စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများဖြစ်ပေါ်လာစေရေး၊ ပိုမိုကောင်းမွန်သည့် လူမှုအဖွဲ့အစည်းဖြစ်ပေါ်လာစေရေးတို့အတွက် အထောက်အကူပြုစေမည့် စံတန်ဖိုးများဖြစ်ပါသဖြင့် နိုင်ငံ့ဝန်ထမ်းတိုင်း သိရှိစောင့်ထိန်းလိုက်နာကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၁)**

ရန်ကုန်မြို့၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးတွင် ခန့်ထားသော အောက်ဖော်ပြပါ ဒုတိယဌာနမှူး (၁၄) ဦးအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှ စ၍ အတည်ပြု ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဌာန၊ လုပ်ငန်းတာဝန်ခံအဖွဲ့ | အတည်ပြုခန့်သည့်နေ့ |
|---|---|---|---|
| ၁။ | ဦးသန့်ဇင် (မစ-၁၀၁၄) | စက်ရုံနှင့်မော်တော်ယာဉ်ဌာန ပတ်ဝန်းကျင်စီမံခန့်ခွဲရေးလုပ်ငန်း တာဝန်ခံအဖွဲ့ | ၁၃-၅-၂၀၂၁ |
| ၂။ | ဦးအောင်သန်းထွဋ် (မစ-၀၂၉၆) | စီမံရေးရာဌာန စီမံခန့်ခွဲရေး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန | ၁၃-၅-၂၀၂၁ |
| ၃။ | ဒေါ်ခင်စောနွယ် (မစ-၀၃၄၈) | ထုတ်လုပ်ရေးဌာန ပြည်သူ့ကျန်းမာရေးနှင့်ဈေးများ လုပ်ငန်းတာဝန်ခံအဖွဲ့ | ၁၃-၅-၂၀၂၁ |
| ၄။ | ဒေါ်မော်မော်ကြည် (မစ-၀၃၆၂) | အင်ဂျင်နီယာဌာန(အဆောက်အအုံ) အဆောက်အဦဆိုင်ရာလုပ်ငန်း တာဝန်ခံအဖွဲ့ | ၁၃-၅-၂၀၂၁ |
| ၅။ | ဦးခိုင်ဇော်ဝင်း (မစ-၀၅၈၂) | အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့ | ၁၃-၅-၂၀၂၁ |
| ၆။ | ဦးသန့်ဇင်ထွန်း (မစ-၁၁၃၃) | ဈေးများဌာန ပြည်သူ့ကျန်းမာရေးနှင့်ဈေးများလုပ်ငန်း တာဝန်ခံအဖွဲ့ | ၁၃-၅-၂၀၂၁ |
| ၇။ | ဦးအမ်လှသောင်း (မစ-၁၉၁၈) | စီမံရေးရာဌာန စီမံခန့်ခွဲရေး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန | ၁၃-၅-၂၀၂၁ |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဌာန၊ လုပ်ငန်းတာဝန်ခံအဖွဲ့ | အတည်ပြုခန့်သည့်နေ့ |
|---|---|---|---|
| ၈။ | ဦးလွင်ဦး (မစ-၁၆၁၅) | အခွန်ဌာန<br>မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့ | ၁၃-၅-၂၀၂၁ |
| ၉။ | ဦးသောင်းဝင်း (မစ-၁၀၄၉) | မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန<br>မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့ | ၁၃-၅-၂၀၂၁ |
| ၁၀။ | ဒေါက်တာလှမေဦး (မစ-၀၅၉၁) | တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန<br>ပြည်သူ့ကျန်းမာရေးနှင့်ဈေးများ<br>လုပ်ငန်းတာဝန်ခံအဖွဲ့ | ၁၃-၅-၂၀၂၁ |
| ၁၁။ | ဦးညိုမင်းလွင် (မစ-၁၅၉၉) | ထုတ်လုပ်ရေးဌာန<br>ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှု<br>လုပ်ငန်းတာဝန်ခံအဖွဲ့၊ (ပြည်သူ့ကျန်းမာရေးနှင့်<br>ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့တွဲဖက်) | ၁၃-၅-၂၀၂၁ |
| ၁၂။ | ဦးကျော်မိုး (မစ-၀၆၆၇) | စစ်ဆေးရေးဌာန<br>ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှု<br>လုပ်ငန်းတာဝန်ခံအဖွဲ့ | ၁၃-၅-၂၀၂၁ |
| ၁၃။ | ဦးဇော်သိန်း (မစ-၀၃၅၂) | စက်ရုံနှင့်မော်တော်ယာဉ်ဌာန<br>ပတ်ဝန်းကျင်စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်ခံအဖွဲ့ | ၁၃-၅-၂၀၂၁ |
| ၁၄။ | ဦးမင်းညွန့် (မစ-၁၂၄၆) | ထုတ်လုပ်ရေးဌာန<br>ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန<br>(မြို့တော်ဂေါက်ကွင်း) တွဲဖက်၊<br>ပြည်သူ့ကျန်းမာရေးနှင့်ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့ | ၁၃-၅-၂၀၂၁ |

## အမိန့်အမှတ် (၁/၂၀၂၁)

ရန်ကုန်မြို့၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်)

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်ကို သန့်ရှင်း၊ သာယာ၊ လုပ၍ နေချင်စဖွယ်မြို့တော်ကြီးဖြစ်လာအောင် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ မြို့တော်နယ်နိမိတ်အတွင်း ယာဉ်အသုံးပြုမှု၊ လမ်းအသုံးပြုမှု စနစ်တကျမှန်ကန်စေရေး ကြပ်မတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

၂။ ယခုအခါ မြို့တော်နယ်နိမိတ်အတွင်း မော်တော်ဆိုင်ကယ်မောင်းနှင်အသုံးပြုသူများသည် စည်းကမ်းမဲ့စွာ မောင်းနှင်အသုံးပြုမှုများကြောင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်မှုများ မကြာခဏ ကြုံတွေ့နေရပါသည်။

၃။ သို့ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၃၁၅ ပုဒ်မခွဲ (ဌ) နှင့် ပုဒ်မ ၃၃၆ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့် မပြုသောလမ်းများကို ဤအမိန့်ဖြင့် သတ်မှတ်ထုတ်ပြန်လိုက်သည်-

"မြို့တော်နယ်နိမိတ်အတွင်း ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ လမ်းများမှအပ ကျန်လမ်းများတွင် မော်တော်ဆိုင်ကယ် မောင်းနှင်၊ စီးနင်း၊ အသုံးပြုခြင်းမပြုရ"

၄။ မည်သူမဆို ဤအမိန့်ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်တစ်သိန်းမှ အများဆုံး ငွေဒဏ် ကျပ် ငါးသိန်း အထိ ချမှတ်အရေးယူခြင်းခံရမည်။

ဗိုလ်ဌေး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၁၂) ဦးအား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိဌာန |
|---|---|---|
| (က) | ဒေါ်နီလာဝင်း | ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန |
| ( ခ ) | ဒေါ်ချိုချိုလွင် | ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန |
| ( ဂ ) | ဦးသိန်းထွန်း | စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ သတင်းနှင့် လုံခြုံရေးဌာနခွဲ (ရန်ကုန်ဘဏ်ခွဲ) |
| (ဃ) | ဒေါ်မြတ်သီတာမင်း | ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန |
| ( င ) | ဦးရဲလွင် | စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန |
| ( စ ) | ဒေါ်သင်းရီကျော် | ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန (ရန်ကုန်ဘဏ်ခွဲ) |
| (ဆ) | ဒေါ်လဲ့ရီဝင်း | ဘဏ်တွင်းစာရင်းစစ်ဌာန |
| ( ဇ ) | ဒေါ်မြင့်မြင့်ကြိုင် | ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန၊ ငွေကြေးမူဝါဒ၊ သုတေသနနှင့် စာရင်းအင်းဌာနခွဲ |
| (ဈ) | ဒေါ်သင်းသင်းလှိုင် | စာရင်းဌာန |
| (ည) | ဒေါ်မိုးမိုးသန်း | ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန၊ နိုင်ငံတကာရေးရာဌာနခွဲ |
| ( ဋ ) | ဦးအောင်ကျော်သန်း | ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန၊ ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဌာနခွဲ |
| ( ဌ ) | ဒေါ်စုစုနွယ် | စာရင်းဌာန |

၂။ ၎င်းတို့သည် မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ရမည်ကို ဆက်လက်ထုတ်ပြန်ပါမည်။

သန်းညိန်း
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက် (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

**လွှတ်တော်ရုံးအကြီးအမှူးတာဝန်ပေးအပ်ခြင်း**

ချင်းပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းဦး သည် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၉ ရက်မှစ၍ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ စတင်ခံစားမည်ဖြစ်ပါသဖြင့် ၎င်းရက်နံနက်ပိုင်းမှစ၍ညွှန်ကြားရေးမှူး ဦးဇော်နိုင်ငြိမ်း အား လက်ရှိရာထူးဖြင့် လွှတ်တော်ရုံးအကြီးအမှူး တာဝန်ပေးအပ်လိုက်သည်။

ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

### ပြည်သူ့လွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

ပြည်သူ့လွှတ်တော်ရုံး၊ အစည်းအဝေးနှင့် ကော်မတီဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒေါ်နန့်အေးအေးကြည် သည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် အသက် ၆၀ နှစ်ပြည့်မည်ဖြစ်ပါသဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

တင်ဝင်းအောင်
ညွှန်ကြားရေးမှူးချုပ်
ပြည်သူ့လွှတ်တော်ရုံး

## အမျိုးသားလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၀၅၄/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

အမျိုးသားလွှတ်တော်ရုံး၊ ဌာနကြီးများမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၃၄) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ဌာန |
|---|---|---|
| ၁။ | ဒေါ်စုမွန်ဖြိုး | ဥပဒေပြုဌာနကြီး |
| ၂။ | ဦးနိုင်ကိုကို | ဥပဒေပြုဌာနကြီး |
| ၃။ | ဒေါ်ခိုင်ဇာဇာဟန် | ဥက္ကဋ္ဌရုံး |
| ၄။ | ဒေါ်ဝင်းမေအောင် | ဥပဒေပြုဌာနကြီး |
| ၅။ | ဒေါ်ဝင်းမြတ်သူ | ဥပဒေပြုဌာနကြီး |
| ၆။ | ဦးနိုင်ဝင်း | ဥပဒေပြုဌာနကြီး |
| ၇။ | ဒေါ်ကေသွယ်ဦး | စီမံရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဌာနကြီး |
| ၈။ | ဒေါ်လှမြင့်သူ | ဥက္ကဋ္ဌရုံး |
| ၉။ | ဒေါ်ယဉ်ယဉ်နွဲ့ | ဥပဒေပြုဌာနကြီး |
| ၁၀။ | ဒေါ်အေးအေးမွန် | ဥပဒေပြုဌာနကြီး |
| ၁၁။ | ဦးအောင်သူ | ဥပဒေပြုဌာနကြီး |
| ၁၂။ | ဒေါ်ပုံ့သဥ္ဇာစိုး | စီမံရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဌာနကြီး |
| ၁၃။ | ဒေါ်မြင့်မြင့်မွန် | ဥပဒေပြုဌာနကြီး |
| ၁၄။ | ဒေါ်ခင်ဇာလွင် | စီမံရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဌာနကြီး |
| ၁၅။ | ဦးထွန်းလင်းအောင် | စီမံရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဌာနကြီး |
| ၁၆။ | ဒေါ်မြင့်မြင့်ဆွေ | ဥပဒေပြုဌာနကြီး |
| ၁၇။ | ဒေါ်မေဇင်ဦး(၂) | ဥပဒေပြုဌာနကြီး |
| ၁၈။ | ဒေါ်ပြည့်ဖြိုးရွှေ | ဥပဒေပြုဌာနကြီး |
| ၁၉။ | ဒေါ်ဇာဇာစိုး | ဥပဒေပြုဌာနကြီး |
| ၂၀။ | ဒေါ်ဝင့်မွန်သဥ္ဇာ | ဥပဒေပြုဌာနကြီး |
| ၂၁။ | ဒေါ်အေးအေးလင်း | ဥပဒေပြုဌာနကြီး |
| ၂၂။ | ဒေါ်စုစုမွန် | ဥပဒေပြုဌာနကြီး |
| ၂၃။ | ဦးထက်အာကာအောင် | ဥပဒေပြုဌာနကြီး |
| ၂၄။ | ဒေါ်ခိုင်ခိုင်ထွန်း | ဥက္ကဋ္ဌရုံး |
| ၂၅။ | ဒေါ်ညိုညိုခိုင် | ဥပဒေပြုဌာနကြီး |
| ၂၆။ | ဦးကျော်မျိုးလွင် | ဥက္ကဋ္ဌရုံး |
| ၂၇။ | ဒေါ်နန္ဒာအောင် | ဥပဒေပြုဌာနကြီး |

| စဉ် | အမည် | ဌာန |
|---|---|---|
| ၂၈။ | ဒေါ်ဝင်းဝင်းခိုင် | ဥပဒေပြုဌာနကြီး |
| ၂၉။ | ဒေါ်မြတ်သိင်္ဂီလင်း | ဥပဒေပြုဌာနကြီး |
| ၃၀။ | ဒေါ်နန်းခင်စန်းဝင်း | ဥပဒေပြုဌာနကြီး |
| ၃၁။ | ဒေါ်သူဇာသိန်း | စီမံရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဌာနကြီး |
| ၃၂။ | ဦးနိုင်ဦး | စီမံရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဌာနကြီး |
| ၃၃။ | ဦးသီဟရှိန် | ဥပဒေပြုဌာနကြီး |
| ၃၄။ | ဦးဝဏ္ဏလွင် | ဥပဒေပြုဌာနကြီး |

လွင်ဦး
ညွှန်ကြားရေးမှူးချုပ်
အမျိုးသားလွှတ်တော်ရုံး

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်)

**တာဝန်ဝတ္တရားများစတင်ထမ်းဆောင်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၅/၂၀၂၁ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး ရာထူးနေရာများသို့ တိုးမြှင့်ခန့်အပ်ခဲ့သည့် အောက်ဖော်ပြပါ **ညွှန်ကြားရေးမှူး ( ၂ )** ဦး သည် အလုပ်တာဝန် ဝတ္တရားများကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်သည်-

| စဉ် | အမည် | ရာထူး |
|---|---|---|
| (၁) | ဦးသန့်ဇင်အောင် | ညွှန်ကြားရေးမှူး |
| (၂) | ဦးဇော်နောင်လတ် | ဒုတိယရုံးအဖွဲ့မှူး (ညွှန်ကြားရေးမှူး) |

စိုင်းကျော်သူ
ခေတ္တညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

## စစ်ရာထူးခန့်ချုပ်ရုံး

**(ကြည်းတပ်ဌာနစု)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

အမှတ် ၇၂/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

မြင့်လှိုင် ကြည်း ၇၇၃၄၀

အမှတ် ၇၄/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | |
|---|---|---|---|
| (၁) | မျိုးနိုင်ဝင်း | ကြည်း ၇၇၄၆၁ | ၁၂-၆-၂၀၂၁ |
| (၂) | မြင့်စိုး | ကြည်း ၇၇၄၆၂ | ၁၃-၆-၂၀၂၁ |

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

အမှတ် ၇၅/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ကျော်ကျော်မိုး ကြည်း ၇၇၄၆၃

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

အမှတ် ၇၇/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ထွန်းမြင့် | ကြည်း ၇၇၄၆၄ | ၁၉-၆-၂၀၂၁ |
| (၂) | စိုင်းသိန်းအောင် | ကြည်း ၇၇၄၆၅ | ၂၁-၆-၂၀၂၁ |

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

အမှတ် ၇၈/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ငွေးကျော် ကြည်း ၇၇၄၆၆

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

အမှတ် ၇၉/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ထွန်းဝင်း ကြည်း ၇၇၄၆၇

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်)

အမှတ် ၈၀/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

တင်ကိုကို ကြည်း ၇၇၃၄၈

**(ရေတပ်ဌာနစု)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

အမှတ် ၃/၂၀၂၁။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၂၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) များအဖြစ် ခန့်အပ်လိုက်သည်-

(၁) သန်းထူး ရေ ၅၆၂၅

(၂) အောင်သန်း ရေ ၅၆၂၆

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ (၂၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၄/C)၊ မြေကွက်အမှတ် (၁၁၁/က) ရှိ **မြေဧရိယာ ၉.၉၇၉ ဧက** အား **ဓမ္မရဝေတောရကမ္မဋ္ဌာန်းကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

အမှတ် ၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သောဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၁)ခွင့်ပြုချက်အရပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်မြင့် အား သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၈၁ အရ ပျမ်းမျှလစာဖြင့် ၁၁-၇-၂၀၂၁ ရက်နေ့မှ (၁၀-၁၁-၂၀၂၁) ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။ အဆိုပါခွင့်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

သိန်းဌေးဦး

ညွှန်ကြားရေးမှူးချုပ်

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

## မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်)

အမှတ် ၆၆။ မြန်မာ့စီးပွားရေးဘဏ် (ပြည်နယ်ရုံး)၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းမောင် (ID-၀၀၁၃၉) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို (၂၃-၉-၂၀၂၁) ရက်နေ့မှ (၂၂-၁-၂၀၂၂) ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။ ခွင့်ကုန်ဆုံးပြီးနောက်တစ်နေ့ဖြစ်သော (၂၃-၁-၂၀၂၂) (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်) နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၂၃၀၊ ၂၃၃ (က) အရ သက်ပြည့်ပင်စင်ယူခွင့်ပြုလိုက်သည်။

ဝင်းနိုင်ဦး

အထွေထွေမန်နေဂျာ

မြန်မာ့စီးပွားရေးဘဏ်

## မြန်မာ့စီးပွားရေးဘဏ်

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂ ရက်)

အမှတ် ၆၉။ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)၊ ငွေစုဘဏ်လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးချေးငွေဌာနခွဲမှ အထွေထွေမန်နေဂျာ ဒေါ်တင်တင်ရီ(ID-၀၀၀၁၁) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို (၁၃-၉-၂၀၂၁) ရက်နေ့မှ (၁၂-၁-၂၀၂၂) ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။ ခွင့်ကုန်ဆုံးပြီးနောက်တစ်နေ့ဖြစ်သော (၁၃-၁-၂၀၂၂) (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်) နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ-၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၂၃၀၊ ၂၃၃ (က) အရ သက်ပြည့်ပင်စင်ယူခွင့်ပြုလိုက်သည်။

ဇော်နိုင်

ဦးဆောင်ညွှန်ကြားရေးမှူး

မြန်မာ့စီးပွားရေးဘဏ်

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ဖ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

အမှတ် ၁၁။    ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစုအနီး ကတန်ကျွန်း၏ မြောက်ဘက်၊ သမီးလှကျွန်း၏ အရှေ့ဘက် (LAT 12° 42' 18.80" N & LONG 98° 24' 28.90" E) တွင် Zeya & Associates Co.,Ltd မှ LNG Ship to Ship Operation ပြုလုပ်ပြီး အကောက်ခွန်ရှင်းလင်းရေးကိစ္စများ ဆောင်ရွက်နိုင်ရန် အတွက် အဆိုပါနေရာအား အကောက်ခွန်ဆိပ်ကမ်းတံတား နေရာအဖြစ် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့အထိ (၃) လ ယာယီဆိပ်ကမ်းအဖြစ် သက်တမ်းတိုးမြှင့် သတ်မှတ်လိုက်သည်။

ကျော်ထင်
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

**အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက် (Public Ruling)**

**အမှတ် (၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

**ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ပေးချေငွေအမျိုးအစားများဖြစ်သည့် လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်ခွင့် အခွင့်အရေးတို့နှင့်ပတ်သက်သည့် အသုံးချခွင့်ကို အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း**

၁။    ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်သတ်မှတ်သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂၀၁၈ နှင့်အညီ ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် ပေးချေငွေအမျိုးအစားများဖြစ်သည့် လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်ခွင့် အခွင့်အရေးစသည်တို့အတွက် အသုံးချခွင့် (Right to use) နှင့်စပ်လျဉ်း၍ အခွန်ထမ်းများလိုက်နာရာတွင် ရှင်းလင်းမှုရှိစေရန်နှင့် ဥပဒေကျင့်သုံးမှုတွင် တစ်ပြေးညီဖြစ်စေရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကို ထုတ်ပြန်ခြင်း ဖြစ်သည်။

၂။    ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ ပြည်တွင်းအခွန်များ ဦးစီးဌာနအပေါ် စည်းနှောင်သက်ရောက်မှုရှိသည်။

**သက်ဆိုင်သည့် အကြောင်းအရာ**

၃။    ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် ပင်ရင်းမှ နုတ်ယူပေးသွင်းရမည့် ပေးချေငွေအမျိုးအစား များဖြစ်သည့် လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်ခွင့်အခွင့်အရေးစသည်တို့အတွက် အသုံးချခွင့် (Right to use) နှင့်စပ်လျဉ်း၍ အခွန်ထမ်းများလိုက်နာရာတွင် ရှင်းလင်းမှုရှိစေရန်နှင့် ဥပဒေကျင့်သုံးမှုတွင် တစ်ပြေးညီဖြစ်စေရန်အတွက် ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးခြင်း ဖြစ်သည်။

**အကျိုးသက်ရောက်သူများ**

၄။ ဤအဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်သည် ပင်ရင်းမှ နုတ်ယူပေးသွင်းရမည့် ပေးချေငွေအမျိုးအစားများဖြစ်သည့် လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်ခွင့်အခွင့်အရေး စသည်တို့ကို အသုံးပြုသူ သို့မဟုတ် အသုံးချခွင့်ပြုသူစသည့် အခွန်ထမ်းများအပေါ် အကျိုးသက်ရောက်စေရမည်။

**သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်**

၅။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်သတ်မှတ်သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂၀၁၈ ၏ အပိုဒ် ၁၊ ဇယားအမှတ်စဉ် (ခ) ပါ **လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်အခွင့်အရေးစသည်တို့ကို အသုံးချခွင့်ပြုသည့်အတွက် ပေးချေငွေများ** နှင့် သက်ဆိုင်စေရမည်။

**အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်**

၆။ လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ မူပိုင်အခွင့်အရေးစသည်တို့ကို အသုံးချခွင့်ပြုခြင်း (Right to use) ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(က) ရုပ်ရှင်ကားများနှင့် ရေဒီယို၊ ရုပ်မြင်သံကြား သို့မဟုတ် အင်တာနက်မှ ထုတ်လွှင့်ခြင်းအတွက် ဖလင်များနှင့် တိပ်ခွေများ အပါအဝင် စာပေ၊ အနုပညာ သို့မဟုတ် သိပ္ပံဆိုင်ရာ ဖန်တီးမှုတစ်ခု၏ မည်သည့်မူပိုင်ခွင့်ကိုမဆို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့်၊

(ခ) ရုပ်မြင်သံကြား၊ ရေဒီယို သို့မဟုတ် အင်တာနက်မှ ထုတ်လွှင့်ခြင်းနှင့်စပ်လျဉ်း၍ ဂြိုဟ်တု၊ ကေဘယ်၊ အလင်းမျှင်ဖိုင်ဘာ သို့မဟုတ် အလားတူနည်းပညာဖြင့်ပို့လွှတ်သည့် အရုပ်ကိုဖြစ်စေ၊ အသံကိုဖြစ်စေ၊ အရုပ်နှင့်အသံနှစ်မျိုးလုံးကိုဖြစ်စေ အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့် သို့မဟုတ် ဖမ်းယူခြင်း သို့မဟုတ် ဖမ်းယူပိုင်ခွင့်၊

(ဂ) မည်သည့် တီထွင်မှုမူပိုင်ခွင့်၊ တီထွင်ခြင်း၊ ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်း သို့မဟုတ် နမူနာပုံစံငယ်၊ အစီအစဉ်၊ လျှို့ဝှက်ဖော်စပ်နည်း သို့မဟုတ် လုပ်ငန်းစဉ် သို့မဟုတ် အခြားအလားတူပစ္စည်း သို့မဟုတ် အခွင့်အရေးကိုမဆို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့်၊

(ဃ) မည်သည့် စက်မှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ (commercial) သို့မဟုတ် သိပ္ပံဆိုင်ရာ ကိရိယာကိုမဆို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့်၊

(င) စက်မှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ (commercial) သို့မဟုတ် သိပ္ပံဆိုင်ရာ အတွေ့အကြုံနှင့် သက်ဆိုင်သည့် မည်သည့်သတင်းအချက်အလက်ကိုမဆို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့်၊

(စ) အထက်အပိုဒ်ခွဲ (က) မှ အပိုဒ်ခွဲ (င) အထိတွင် ဖော်ပြထားသည့် ပစ္စည်း သို့မဟုတ် အခွင့်အရေးကို အသုံးပြုနိုင်ရန် သို့မဟုတ် ခံစားနိုင်စေရန် နည်းလမ်းတစ်ရပ်အဖြစ် အထောက်အကူပြုပြီး ဖြည့်စွက်ပေးအပ်သည့် အကူအညီ။

၇။ ငွေထုတ်ပေးရန်တာဝန်ရှိသူသည် အထက်အပိုဒ် ၆ ပါ ကိစ္စရပ်များအတွက် ကာလအပိုင်းအခြားအလိုက်ဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ ပေးချေသည့် အဖိုးစားနားအပေါ် ကျသင့်ဝင်ငွေခွန်အား အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂၀၁၈ နှင့်အညီ နုတ်ယူပေးသွင်းရမည်။

၈။ ဤအများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည်။

မင်းထွဋ်
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

အမှတ် ၈။ နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ဦးဇော်မင်းထွဋ်နှင့် နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ဖြည့်တင်းရေးဌာနခွဲမှညွှန်ကြားရေးမှူး (မြို့ပြ) ဦးကောင်းမြတ်သိန်း တို့အား မိမိ၏အလုပ်ဝတ္တရားများအပြင် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ခံစားမည်ဖြစ်သော နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်) ဒေါက်တာဇော်လွင်ထွန်း ၏ အလုပ်ဝတ္တရားများကို ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်) ၏ အလုပ်ဝတ္တရားများကို ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ဦးဇော်မင်းထွဋ် သို့လည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) ၏ (၁၁-၂-၂၀၂၀) ရက်စွဲပါ စာအမှတ်-၉၀၄/၁-၄၈၆ အမ (စီမံ-၂) အရ ပူးတွဲတာဝန်ထမ်းဆောင် နေသည့် ညွှန်ကြားရေးမှူး (ငွေစာရင်း) ၏ အလုပ်ဝတ္တရားများကို ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကောင်းမြတ်သိန်း သို့လည်းကောင်း လွှဲပြောင်းပေးပြီးသည့်နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်) ဒေါက်တာဇော်လွင်ထွန်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈) ခွင့်ခံစားခြင်း နည်းဥပဒေ (၈၇) (၈၉) တို့အရ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ-၂၃၃ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

အမှတ် ၉။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) (ရုံးချုပ်)၊ မြေအောက်ရေဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသူရ (အဘ-ဦးညွန့်လှ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/ကမရ (နိုင်) ၀၃၉၄၈၄] အား အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဗိုလ်ဗိုလ်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## မြန်မာ့စာတိုက်လုပ်ငန်း

### အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်စွဲပါ စာအမှတ်၊ ၃၂၂/တမ-၁/၁၄၇/၂/၂၀၂၁ သဘောတူဆုံးဖြတ်ချက်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်စွဲပါ စာအမှတ်၊ ဆသ-၁/၀ထ (ရာထူး)/ ၂၀၂၁ (၇၄၂) တို့အရ မြန်မာ့စာတိုက်လုပ်ငန်းမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ကြီးကြပ်ရေးမှူး (၃) ဦးအား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်မန်နေဂျာ ရာထူးသို့ တိုးမြှင့်ခန့်ထားပြီး တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်နေ့မှစ၍ လက်ရှိ မြန်မာ့စာတိုက်လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လက်ထောက်မန်နေဂျာ ရာထူးနေရာများအား နောက်ခံပြုလျက် မြန်မာ့စာတိုက်လုပ်ငန်း၊ ရုံးချုပ်တွင် လုပ်ငန်းခွင်လေ့လာရန်အတွက် ယာယီတွဲဖက် တာဝန်ချထားလိုက်သည်-

| စဉ် | အမည် | လက်ရှိဌာန |
|---|---|---|
| ၁ | ဒေါ်နုနုကြွယ် | အပြည်ပြည်ဆိုင်ရာအမြန်စာပို့လုပ်ငန်း |
| ၂ | ဒေါ်တင်ထွေးဝင်း | အပြည်ပြည်ဆိုင်ရာအမြန်စာပို့လုပ်ငန်း |
| ၃ | ဒေါ်တိုးတိုးလှ | ပျဉ်းမနားစာတိုက်၊ မန္တလေးတိုင်းဒေသကြီး |

ခမ်းအောင်
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စာတိုက်လုပ်ငန်း

## မြန်မာ့သစ်လုပ်ငန်း

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်)

### ရာထူးတိုးမြှင့်ခန့်ထားခြင်း

အမှတ် ၂၀၉။ ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ကျင်းပသည့် (၁၁/၂၀၂၁) ကြိမ်မြောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက် အရ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာနမှ အောက်ဖော်ပြပါ လက်ထောက်အထွေထွေမန်နေဂျာ (သစ်ထုတ်ရေး) (၂) ဦးအား ဒုတိယအထွေထွေမန်နေဂျာ (သစ်ထုတ်ရေး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလျက် ယှဉ်တွဲပါ အစီအစဉ်အတိုင်း တာဝန်ချထားလိုက်သည်-

| စဉ် | အမည် | လက်ရှိနေရာ | တာဝန်ချထားသည့်နေရာ |
|---|---|---|---|
| (က) | ဦးဇော်ဝင်းနိုင် | ကသာ(အရှေ့)သစ်ထုတ်ရေးဒေသ | သစ်ထုတ်ရေးဌာန ရုံးချုပ် |
| (ခ) | ဦးမြင့်သိန်း | ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ | သစ်ထုတ်ရေးဌာန ရုံးချုပ် |

အမှတ် ၂၁၀။ ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ကျင်းပသည့် (၁၁/၂၀၂၁) ကြိမ်မြောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက် အရမြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ကျွန်းသစ်လုံးဌာနစုမှလက်ထောက်အထွေထွေ မန်နေဂျာ (ပြည်ပရောင်း) ဦးအောင်ဇော်မိုး အား ဒုတိယအထွေထွေမန်နေဂျာ (ပြည်ပရောင်း)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလျက် ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ရုံးချုပ်၊ စီမံကိန်း/သစ်လုံးဌာနခွဲတွင် တာဝန်ချထားလိုက်သည်။

မောင်မောင်လွင်
အထွေထွေမန်နေဂျာ (စီမံရေး)

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက် (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**F P Myanmar Company Limited**

(Company Registration No. 123945239)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၂၀၁၇) ပုဒ်မ ၃၄၈ အရ ကုမ္ပဏီအား

ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း

၁။ **F P Myanmar Company Limited** အား ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန် (၂၂-၆-၂၀၂၁) ရက်နေ့တွင် ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးခန်းတွင်ကျင်းပသော အထွေထွေအစည်းအဝေးမှ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးမှ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော့မောင် [B.A., CPA., R.A.,I.C.M.A Part II (London)] အမှတ် ၃၊ ၁၀၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် ခန့်အပ်ရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်ရှိသူ မြီရှင်များနှင့် ကုမ္ပဏီအားပေးရန်ရှိသူမြီစားများသည် ဤကြေညာချက်ပါရှိသည့် တစ်လအတွင်း တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်၍ ခိုင်မာတိကျသော အထောက်အထားများ တင်ပြရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| TOSHINOBU ONO | KYAWT MG |
| Managing Director | B.A., CPA., R.A.,I.C.M.A Part II (London)] |
| F P Myanmar Company Limited | Certified Public Accountant & Auditor |

NOTICE PURSUANT TO THE SECTION 348 OF THE MYANMAR COMPANIES LAW

**SIGNATURE DAEHAN CO., LTD (MEMBERS' VOLUNTARY WINDING UP)**

(Company Registration No. 124180899)

The Special Resolution of the General Meeting of **SIGNATURE DAEHAN CO., LTD** on 28–7–2021, and it was resolved ;–

(1) that **SIGNATURE DAEHAN CO., LTD** be wound up voluntarily with effect from 7–7–2021.

(2) that be appointed the U YE NOOS (LL.B) Supreme Court Advocate [YE NOOS & ASSOCIATES (LAW FIRM)], No–175, First Floor, Botahtaung Pagoda Road, Miba Yeik Mon Condo, Pazundaung Township, Yangon. Ph: 01–203023, 01–397234–35 and Mr. CHOOI YOEY SUN (Managing Director) of **SIGNATURE DAEHAN CO., LTD** as Liquidator and co–liquidator of the Company for by members' voluntary winding up.

(3) The creditors of **SIGNATURE DAEHAN CO., LTD** are, therefore, requested to submit their claims together with supporting legal documents to the liquidators at the addresses given above, latest by 28–8–2021.

Mr. CHOOI YOEY SUN
Managing Director
SIGNATURE DAEHAN CO., LTD

**VIMYA COMPANY LIMITED**

နောက်ဆုံးအကြိမ်အစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။ ။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက် (၁၀:၃၀) နာရီ

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း

ဦးကျော်ဝင်း
(B.Sc., H.G.P., R.L) NBN 018181
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

NOTICE PURSUANT TO THE SECTION 348 OF THE MYANMAR COMPANIES LAW

**TIGER MK LOGISTICS (MYANMAR) COMPANY LIMITED (MEMBERS' VOLUNTARY WINDING UP)**

(Company Registration No. 112415386)

The Special Resolution of the General Meeting of **TIGER MK LOGISTICS (MYANMAR) COMPANY LIMITED** on 27-7-2021 , and it was resolved;-

(1) that **TIGER MK LOGISTICS (MYANMAR) COMPANY LIMITED** be wound up voluntary with effect from 6-7-2021.

(2) Be appointed the **U YE NOOS (LL.B) Supreme Court Advocate [YE NOOS & ASSOCIATES (LAW FIRM)], No-175, First Floor, Botahtaung Pagoda Road, Miba Yeik Mon Condo, Pazundaung Township, Yangon. Ph: 01-203023, 01-397234-35** and U MYINT OO (Managing Director) of **TIGER MK LOGISTICS (MYANMAR) CO., LTD** as Liquidator and co-liquidator of the Company for by members' voluntary winding-up.

(3) The creditors of **TIGER MK LOGISTICS (MYANMAR) COMPANY LIMITED** are, therefore, requested to submit their claims together with supporting legal documents to the liquidators at the addresses given above, latest by 27-8-2021.

U MYINT OO

TIGER MK LOGISTICS (MYANMAR) COMPANY LIMITED

Notice Under Section 348 of the Myanmar Companies Law

**PACIFIC HI TECH INTERNATIONAL (MYANMAR) COMPANY LIMITED**

(In Members' Voluntary Winding - Up)

According to the Special Resolution at the General Meeting held on (20-7-2021) at Company's Office Room and it was resolved that:

(1) **PACIFIC HI TECH INTERNATIONAL (MYANMAR) COMPANY LIMITED** be wound up voluntarily by the members with effect from 29-6-2021.

(2) Be appointed the **U YE NOOS (LL.B) Supreme Court Advocate [YE NOOS & ASSOCIATES (LAW FIRM)], No-175, First Floor, Botahtaung Pagoda Road, Miba Yeik Mon Condo, Pazundaung Township, Yangon. Ph:01-203023, 01-397234-35** and Mr. CHIA TAI CHING Director of **PACIFIC HI TECH INTERNATIONAL (MYANMAR) COMPANY LIMITED** as liquidator and co-liquidator of the Company for the purpose of winding-up.

(3) The creditors of **PACIFIC HI TECH INTERNATIONAL (MYANMAR) COMPANY LIMITED** are, therefore, requested to submit their claims together with supporting legal documents to the liquidators at the address given above, latest by 20-8-2021.

U PHYO ZAW OO

Director

PACIFIC HI TECH INTERNATIONAL (MYANMAR) COMPANY LIMITED

**SUN PACIFIC ENGINEERING COMPANY LIMITED**

ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ - ၃၄၈ အရ

(က) ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင် များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) SUN PACIFIC ENGINEERING COMPANY LIMITED အား (၂၉-၆-၂၀၂၁) ရက်နေ့မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)၊ **တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) YE NOOS & ASSOCIATES (Law Firm) (ဆက်သွယ်ရန်-အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ မိဘာရိပ်မွန်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၃၉၇၂၃၄-၂၃၅) တို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ခန့်အပ်ကြပါသည်။

(ခ) SUN PACIFIC ENGINEERING COMPANY LIMITED မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဖြိုးဇော်ဦး

မန်နေးဂျင်းဒါရိုက်တာ

SUN PACIFIC ENGINEERING COMPANY LIMITED